# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်    ၂၀၂၅ ခုနှစ်၊ ဧပြီ ၁ ရက်၊ အင်္ဂါနေ့    အတွဲ (၆၄)၊ အမှတ် (၁၈၃)


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

## နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် (the day of national mourning) သတ်မှတ်ကြေညာခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇.၇ ရစ်(ခ်) တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် ၃၁-၃-၂၀၂၅ ရက်မှ ၆-၄-၂၀၂၅ ရက်အထိ (၇) ရက်အား သတ်မှတ်ကြေညာလိုက်သည်။ ထိုရက်များအတွင်း နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူကြရန် ဖြစ်ပါသည်။

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
နိုင်ငံတော်ဝန်ကြီးချုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေကြာပင်ရပ်ကွက်ရှိ ငလျင်ဘေးဒဏ်သင့် အဆောက်အအုံများပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်သင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြား

နေပြည်တော် မတ် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁ ❖*


**ယနေ့ ဖတ်စရာ**

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း စာ ၁၁

၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း စာ ၁၄

# စာနာထောက်ထားမှုနှင့် ထပ်တူဝမ်းနည်းမှုတို့ပြသ

မတ်လ ၃၁ ရက်နေ့မှ ဧပြီလ ၆ ရက်နေ့အထိ (၇) ရက်သည် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် (the day of national mourning) ဖြစ်သည်။ ပြီးခဲ့သည့် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့် မြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်ကြေညာခဲ့ခြင်းဖြစ်ပြီး အဆိုပါရက်များအတွင်း နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူကြရမည်ဖြစ်သည်။

ရစ်(ခ်)တာစကေး ၇ ဒသမ ၇ အထိ အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့်နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့တွင် ငလျင်ဒဏ်သင့်ခဲ့ရသည်။ သဘာဝဘေးအန္တရာယ်ဖြစ်သော မြေငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သည့် လမ်းတံတားအဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုမှာ မိမိတို့ ယခင်က မမြင်မတွေ့ဖူးသည့် ကြောက်မက်ဖွယ်ပမာဏပင်ဖြစ်သည်။ ထို့အပြင် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုနှင့် အသက်သေဆုံးမှု၊ ပျောက်ဆုံးမှုများဖြစ်ပြီး ရှာဖွေကယ်ဆယ်မှုလုပ်ငန်းများကို အပူတပြင်း ဆောင်ရွက်နေကြရခြင်းဖြစ်သည်။ မတ်လ ၃၁ ရက်နေ့ နေ့လယ်အထိ သေဆုံးသူ ၂၀၆၅ ဦး ရှိခဲ့ပြီး ဒဏ်ရာရသူ ၃၉၀၀ ကျော်နှင့် ပျောက်ဆုံးသူ ၂၇၀ ခန့်ရှိနေသည်။

ယနေ့(ဧပြီလ ၁ ရက်နေ့) နေ့လယ် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူထားသော အလံတိုင်ရှေ့ သို့မဟုတ် သင့်လျော်ရာနေရာ သို့မဟုတ် ပြုလုပ်သည့် အခမ်းအနားများ၌ (၁) မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခြင်း၊ သွားလာသူများအနေဖြင့် ၎င်းအချိန်တွင် (၁) မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုခြင်း၊ ၎င်းအချိန်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ဥသြဆွဲဂါရဝပြုခြင်း၊ ၎င်းအချိန်တွင် မီဒီယာများက ဝမ်းနည်းခြင်းအထိမ်းအမှတ် Logo များထုတ်လွှင့်ခြင်း၊ ကိုးကွယ်ရာဘာသာအလိုက် ဆုတောင်းမေတ္တာပို့သခြင်း၊ ပရိတ်ရွတ်ခြင်း၊ အမျှအတန်းပေးဝေခြင်းတို့ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားမှုပြုလုပ်ပေးနိုင်ကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

ထို့အပြင် ငလျင်ဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ယနေ့(ဧပြီလ ၁ ရက်နေ့) တွင် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဆောင်ရွက်မည်ဖြစ်ရာ အလှူငွေများလှူဒါန်းနိုင်ရေးအတွက် ယခင်ရက်များက ကြေညာထားပြီးဖြစ်သည့်အလျောက် စေတနာသဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းကြမည်ဖြစ်သည်ဟု ယုံကြည်မိသည်။ ငလျင်လှုပ်သည့်နေ့ မတ်လ ၂၈ ရက်မှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘေးအန္တရာယ်ကျရောက်ရာနေရာများကို သွားရောက်ကြည့်ရှုခဲ့ပြီး ငလျင်ဒဏ်ကယ်ဆယ်ရေးလုပ်ငန်းများ ကျယ်ပြန့်စွာ ပြုလုပ်ရန်ရှိခြင်းကြောင့် မိတ်ဆွေနိုင်ငံများအပါအဝင် ကမ္ဘာ့ပြည်သူများက တတ်နိုင်သလောက်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံခဲ့ပြီး မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းမဆို မြန်မာနိုင်ငံအတွင်းရှိ ရဟန်း၊ ရှင်လူ မိဘပြည်သူ မည်သူမျှမဆို လာရောက်ကူညီနိုင်ရန် ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မြေငလျင်မှာ အင်အားအလွန်ပြင်းထန်ပြီး ပျက်စီးဆုံးရှုံးမှု ကြီးမားခြင်းကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ၊ အကြီးအကဲများက စာနာထောက်ထားကြောင်း၊ ဝမ်းနည်းကြောင်းတို့ ဖော်ပြခဲ့ကြသည့်အပြင် လိုအပ်သည့်အကူအညီများကိုလည်း ပေးအပ်လျက်ရှိကြသည်။ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်၍လည်း ကူညီလျက်ရှိကြရာ မိမိတို့နိုင်ငံအဖို့ အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် ခွန်အားတို့ကို ဖြစ်ပေါ်စေသည်။ အဖျက်စွမ်းအားကြီးမားလှသည့် သဘာဝဘေးအန္တရာယ်ကြီး ကျရောက်ချိန်တွင် အသက်အိုးအိမ်ဥစ္စာဆုံးရှုံးကြရသူများ၊ ထိခိုက်ဒဏ်ရာရရှိကြသူများ၊ အခြားလူမှုဒုက္ခအဝဝ ခံစားကြရသူများအတွက် စာနာထောက်ထားမှုနှင့် ထပ်တူဝမ်းနည်းမှုတို့ကို ရက်သတ္တတစ်ပတ်တာ ပြသခြင်းဖြင့် မိမိတို့အားလုံးအတူတကွ စိတ်ဓာတ်ခွန်အားသစ်များ ဖြစ်ပေါ်စေရပါမည့်အကြောင်း။ ။

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၆၇၉၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၊ ဈေးနှုန်းများဆက်တိုက်ကျဆင်းလျက်ရှိ

နေပြည်တော် မတ် ၃၁

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၇၉၅ ကျပ် ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်းသိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင်ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်းသိရှိရသည်။

စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ CIF စနစ်အရ တင်သွင်းနေသည့် စားအုန်းဆီတစ်တန်ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၉၅ ရှိခဲ့ရာမှ မတ်လစတုတ္ထပတ်တွင် ၁၂၀၇ ဒေါ်လာဖြစ်ပြီး ၈၈ ဒေါ်လာခန့်ကျဆင်းခဲ့ရာ ပြည်တွင်းလက်ကား ရည်ညွှန်းဈေး တစ်ပိဿာဈေးနှုန်းမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျပ် ၇၂၈၀ ဖြစ်ခဲ့ရာမှ ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်တွင် ၆၇၉၅ ကျပ်သို့ ကျဆင်းလာခဲ့သဖြင့် သုံးလတာကာလအတွင်း ၄၈၅ ကျပ် ကျဆင်းလာကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁ - ၄ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၅ | ၄၅၀၅ | ၃၃၆၅ | ၃၀၉၀ | ၃၀၉၀ | ၃၁၆၀ | ၃၁၂၅ | ၃၁၅၀ | ၃၄၀၅ |
| 95 Ron | ၃၀၅၀ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၅ | ၃၁၂၀ | ၄၅၆၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၀၀ | ၃၁၇၅ | ၃၁၉၅ | ၃၄၅၅ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၉၅ | ၂၆၆၀ | ၂၅၉၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၃၀ | ၂၆၅၀ | - | ၂၉၄၅ | ၂၆၇၀ | ၂၆၇၀ | ၂၇၄၀ | ၂၇၀၅ | ၂၇၂၅ | ၂၉၈၅ |
| HSD (50 ppm) | ၃၁၉၀ | ၃၃၀၅ | ၃၂၇၀ | ၃၂၀၅ | ၃၃၁၀ | ၃၃၂၅ | ၃၃၄၀ | ၃၂၆၀ | ၄၈၃၀ | ၃၅၅၅ | ၃၂၈၀ | ၃၂၈၀ | ၃၃၅၀ | ၃၃၁၅ | ၃၃၃၅ | ၃၅၉၅ |
| HSD (10 ppm) | ၃၁၉၀ | ၃၃၀၅ | ၃၂၇၀ | ၃၂၀၅ | ၃၃၁၀ | ၃၃၂၅ | ၃၃၄၀ | ၃၂၆၀ | - | ၃၅၅၅ | ၃၂၈၀ | ၃၂၈၀ | ၃၃၅၀ | ၃၃၁၅ | ၃၃၃၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၃၃ | ၂၉၄၃ |
| 95 Ron | ၂၈၈၀ | ၂၉၇၁ |
| HSD (500 ppm) | ၂၄၂၃ | ၂၅၀၁ |
| HSD (50 ppm) | ၃၀၁၅ | ၃၁၀၅ |
| HSD (10 ppm) | ၃၀၁၅ | ၃၁၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ ယာယီနေထိုင်နိုင်ရန် ပြည်သူ့ပေါင်းလောင်းအားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယာယီဆေးရုံ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သူအား မေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယာယီဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများအား ချီးမြှင့်ငွေပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❖ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်မှုကြောင့် မြို့တွင်းလမ်းများ ထိခိုက်ပျက်စီးခဲ့မှုအား ယာယီသွားလာနိုင်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

### လိုအပ်သည်များမှာကြား

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ်ရှိ ပြည်သူ့ပေါင်းလောင်းအားကစားကွင်းသို့ ရောက်ရှိပြီး လူနေထိုင်နိုင်မှု၊ ရေ၊ မီး ရရှိမှု၊ သန့်စင်ခန်းသုံးစွဲနိုင်မှု အခြေအနေများကို မေးမြန်းကာ တာဝန်ရှိသူများအား ပျဉ်းမနားမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ရသူများကို ယခုအားကစားကွင်းဧရိယာအတွင်း၌ ဆေးဝါးကုသမှုဆောင်ရွက်ပေးနိုင်ရေး ယာယီဆေးရုံနှင့် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ ရွှေ့လျားဆေးရုံနှင့် ရွှေ့လျားခွဲစိတ်ကုသမှုယာဉ်များကိုလည်း ထားရှိပေးရန်လိုကြောင်း၊ ရေ၊ မီး ကိစ္စရပ်များ အဆင်ပြေစေရေးတို့အပြင် ယာယီတဲများထုတ်ပေးခြင်း၊ ရွှေ့လျားသန့်စင်ခန်းများထားရှိပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အခြားထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ဝန်ထမ်းအိမ်ရာအသီးသီး၌လည်း နီးစပ်ရာ အားကစားကွင်းနေရာများ၌ ယာယီနေထိုင်နိုင်ရန်နေရာများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

### မေးမြန်းအားပေးစကားပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေကြာပင်ရပ်ကွက်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားကွင်းသို့ ရောက်ရှိကြပြီး လူနေထိုင်နိုင်မှု၊ ရေ၊ မီး ရရှိမှု၊ သန့်စင်ခန်းသုံးစွဲနိုင်မှု အခြေအနေများကို မေးမြန်းသည်။ ယင်းနောက် မိုးလုံလေလုံ အားကစားရုံအတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ပေးထားသည့် ယာယီဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအား တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကား ပြောကြားသည်။

ထိုသို့လိုက်လံကြည့်ရှုစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများနှင့် မိသားစုဝင်များ ရေ၊ မီးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရေး ဆောင်ရွက်ပေးသွားရန်၊ တပ်မတော်မှ ရွှေ့လျားခွဲစိတ်ကုသယာဉ်နှင့် ဆေးမှူးများကိုလည်း စေလွှတ်ကူညီဆောင်ရွက်သွားရန်၊ ပြည်ပနိုင်ငံများမှ လာရောက်ကူညီပေးသည့် ဆေးအဖွဲ့များ နေရာချထားနိုင်ရေးနှင့် အတူတကွ ပူးပေါင်း၍ ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုသဆောင်၌ လူနာများအား ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော်  မတ် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုသဆောင်၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား ဆေးဝါးကုသမှုပေးထားမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များမှာကြား**

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများအား ဆေးရုံတက်ရောက် ကုသမှုခံယူနေရသူများ၏ ကျန်းမာရေးအခြေအနေများအား မပြတ်စောင့်ကြည့်၍ လိုအပ်သည့်ကုသမှုများ ဆောင်ရွက်ပေးသွားရန်၊ နေရေး၊ စားရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရေး ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

အဆိုပါ နေပြည်တော် တပ်မတော်ဆေးရုံကြီး၌ ငလျင်ဘေးဒဏ်ဖြစ်ပွားပြီးနောက်ပိုင်းတွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ စုစုပေါင်း ၆၀၀ နီးပါးခန့်အား လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အရေးပေါ်ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သူ ၃၀ ကို အရေးပေါ် ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်းနှင့် လက်ရှိအချိန်တွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ စုစုပေါင်း ၄၂ ဦးအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုသဆောင်၌ လူနာများအား ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

# မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Mian Muhammad Shahbaz Sharif နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြား

**နေပြည်တော် မတ် ၃၁**

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်တွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မြန်မာနိုင်ငံအတွင်း ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုများနှင့်ပတ်သက်၍ အကူအညီများပေးအပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Mian Muhammad Shahbaz Sharif နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

**လေယာဉ်ခရီးစဉ်နှစ်ခုဖြင့် ပေးပို့သွားမည်**

ထိုသို့ပြောကြားရာတွင် ဦးစွာ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်က အဆွေတော်တို့နိုင်ငံတွင် ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခံစားခဲ့ရမှုများနှင့် ပတ်သက်ပြီး မိမိတို့အနေဖြင့် များစွာဝမ်းနည်းမိပါကြောင်းနှင့် မြန်မာပြည်သူများနှင့်အတူ ထပ်တူခံစားမိပါကြောင်း၊ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုအပ်ပါကြောင်း၊ မကြာမီအချိန်အတွင်း ပါကစ္စတန်အစိုးရနှင့် ပါကစ္စတန်ပြည်သူများက မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်း ၃၅ တန်အား လေယာဉ်ခရီးစဉ် နှစ်ခုဖြင့် ပေးပို့သွားမည်ဖြစ်ပြီး ဆက်လက်၍လည်း ကယ်ဆယ်ရေးပစ္စည်း ၁၇ တန်ကိုလည်း ဆက်လက်ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ ပါကစ္စတန်အစိုးရအနေဖြင့် အဆွေတော်တို့နိုင်ငံအတွက် ထပ်မံလိုအပ်သည့် အကူအညီများရှိပါက ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်တို့နိုင်ငံအနေဖြင့် ယခုကြုံတွေ့နေရသော ခက်ခဲသည့်ကာလကို အမြန်ဆုံးကျော်လွှားနိုင်ပါစေရန် ဆုမွန်တောင်းပါကြောင်း၊ နှစ်နိုင်ငံသည် အတူတကွပူးပေါင်း၍ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကိုထူထောင်ထားသည့် နိုင်ငံများဖြစ်ကြပြီး နောင်အနာဂတ်တွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ထပ်မံမြှင့်တင်လိုပါကြောင်းဖြင့် ပြောကြားသည်။

**ဆက်လက်ဆောင်ရွက်သွားမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိတ်ဆွေနိုင်ငံတစ်နိုင်ငံမှ ဆက်သွယ်၍အားပေးစကားပြောကြားပေးခြင်းနှင့် အကူအညီများ ပေးအပ်သွားမည့်အပေါ်တွင်လည်း မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို အခွင့်အလမ်းများအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်၏ ယခုကဲ့သို့ တယ်လီဖုန်းဆက်သွယ်ပြောဆိုမှု၊ ပါကစ္စတန်ပြည်သူများ၏ ဝမ်းနည်းကြောင်းဖော်ပြမှုနှင့် ပါကစ္စတန်နိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှုများအတွက်လည်း ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်ကြောင်း၊ အဆွေတော်တို့နိုင်ငံ၏ ယခုကဲ့သို့အဖိုးတန်လှသည့် ပြောဆိုဆက်သွယ်မှုနှင့် ကူညီမှုများအပေါ် မိမိအနေဖြင့် တန်ဖိုးထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ယနေ့နေ့လယ်အထိ သေဆုံးသူ ၂၀၆၅ ဦးရှိပြီး ဒဏ်ရာရရှိသူ ၃၉၀၀ ကျော်ခန့်ရှိကာ ပျောက်ဆုံးသူ ၂၇၀ ခန့်ရှိကြောင်း၊ ငလျင်လှုပ်ခတ်မှုဖြစ်ပွားသည့် ၂၈ ရက်နေ့သည် သောကြာနေ့ဖြစ်သဖြင့် အစ္စလာမ်ဘာသာအရ ဝတ်ပြုဆုတောင်းသည့်နေ့ဖြစ်သောကြောင့် အချို့ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့ အနေဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုကွန်ရက်များတွင်ဖော်ပြလျက်ရှိသည့် ဗလီများတွင် ဝတ်ပြုဆုတောင်းနေသည့် အစ္စလာမ်ဘာသာဝင် ၇၀၀ ခန့် သေဆုံးသည် ဆိုသည်မှာ မှန်ကန်မှုမရှိပါကြောင်း၊ ၅၀၀ ပတ်ဝန်းကျင်ခန့်ရှိပါကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် သေဆုံးသူများ၏ ရုပ်အလောင်းများကိုလည်း ဖော်ထုတ်ရရှိပြီးဖြစ်ပြီး ဆက်လက်၍လည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

**မိမိတို့ထံအချိန်မရွေးဆက်သွယ်ပြောကြားနိုင်**

ယင်းနောက် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်က ယခုကဲ့သို့အဆွေတော်အနေဖြင့် သေဆုံးဒဏ်ရာရရှိမှုများနှင့်ပတ်သက်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေသည်ကို သိရှိရသည့်အတွက် မိမိတို့၏ ရင်ထဲအသည်းထဲမှ လှိုက်လှဲစွာ အသိအမှတ်ပြုပါကြောင်း၊ ထိခိုက်ခံစားရသည့် ပြည်သူများအနေဖြင့်လည်း အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေးအတွက် မိမိတို့ဘုရားရှင်ထံတွင် ဆုတောင်းပါကြောင်း၊ အဆွေတော်တို့အနေဖြင့် ခက်ခဲနေသည့်အခြေအနေမျိုးတွင် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် မိမိအနေဖြင့် အသိအမှတ်ပြုသည်ကို ပြောကြားလိုပါကြောင်း၊ အဆွေတော်တို့အနေဖြင့် ထပ်မံလိုအပ်လာနိုင်သည့် အကူအညီများနှင့် ပတ်သက်၍လည်း မိမိတို့ထံအချိန်မရွေး ဆက်သွယ်ပြောကြားနိုင်ပါကြောင်း၊ မိမိတို့ နိုင်ငံမှ ပေးပို့ထားသည့်ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများနှင့် အသင့်စားအစားအစာများ အဆွေတော်တို့နိုင်ငံသို့ ၂၄ နာရီအတွင်းရောက်ရှိအောင် မိမိတို့အနေဖြင့် စီစဉ်ဆောင်ရွက်ထားပါကြောင်းဖြင့် ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆွေတော်နှင့် ပါကစ္စတန်ပြည်သူများအနေဖြင့် စာနာထောက်ထားမှုများ ပေးပို့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ငလျင်ဒဏ်ခံရသည့် ပြည်သူများအတွက် အထောက်အကူပြုပစ္စည်းများ ပေးပို့သည့်အတွက် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆက်သွယ်အားပေးစကား ပြောကြားမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Mian Muhammad Shahbaz Sharif နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားစဉ်။



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၃၁**

ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် အင်အားပြင်းငလျင်ဒဏ်သင့်ခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ နေထိုင်သည့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဒဏ်သင့်ခဲ့ရသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ နေထိုင်သည့် ဘူးကွဲအိမ်ရာ ၊ ပိတောက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိအိမ်ရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် လိုအပ်ချက်များကို အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ရေး၊ သောက်သုံးရေရရှိရေး၊ ဝန်ထမ်းများစားသောက်ရေး အဆင်ပြေစေရေးတို့အတွက် ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် ချဉ်ပေါင်ကြော်ထုပ်များ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်း မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၃၁

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံအလယ်ပိုင်းကို ဗဟိုပြု၍ ဖြစ်ပွားခဲ့သော အင်အား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိသည့် အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံ (၄)နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီချန်းက လည်းကောင်း၊ ကမ္ဘောဒီးယားဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒတ် ပရယ် ဘိုရိုနိုနစ် နိုရိုဒွန် သီဟာမိုနီက လည်းကောင်း၊ ကမ္ဘောဒီးယားအထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒတ် အာခါ မိုဟာ ဆီနာပါဒိုင်း တဲ့ချို ဟွန်ဆန်က လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်မာနိုက်က လည်းကောင်း၊ ဘရူနိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာက လည်းကောင်း၊ နီကာရာဂွါနိုင်ငံ သမ္မတ ဒယ်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် ဒုတိယသမ္မတ ရိုဆာရီ မူရီလို တို့က လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါ သဝဏ်လွှာများတွင် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်သည့် ငလျင်ဒဏ်ခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ်အများအပြား ထိခိုက်ဆုံးရှုံးရသည်ကို သိရှိရသည့်အတွက် များစွာ ဝမ်းနည်းမိပါကြောင်း၊ ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်မိပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် စာနာထောက်ထားပါကြောင်း၊ **မြန်မာနိုင်ငံအတွက် လိုအပ်သည့် အကူအညီများပေးရန် အဆင်သင့်ရှိကြပြီး ထိခိုက်ခံစားရသည့် မြန်မာပြည်သူများ ဘေးအန္တရာယ်ကျော်လွှားနိုင်ရေးနှင့် မြန်မာနိုင်ငံကို အစောဆုံးပြန်လည်တည်ဆောက်နိုင်ရေးအကူအညီများ ပေးအပ်သွားမည်**ဖြစ်ပါကြောင်း၊ **မြန်မာနိုင်ငံအစိုးရ၏ ခိုင်မာအားကောင်းသည့် ဦးဆောင်မှုအောက်တွင် ငလျင်ဒဏ်သင့်ဒေသများရှိ မြန်မာပြည်သူများအနေဖြင့် ဘေးအန္တရာယ်များကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီး ကောင်းမွန်သည့် လူမှုဘဝကို အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်မည်ဟု ယုံကြည်**ကြောင်း၊ ငလျင်ဖြစ်ပွားခဲ့သည့် ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများကို ရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်နေမှုများအား ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း၊ ငလျင်ကြောင့် အသက်ဆုံးရှုံးရသူများအနေဖြင့် အေးချမ်းကောင်းမွန်သော ဘဝသို့ ရောက်ရှိပါစေကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအနေဖြင့် အမြန်ဆုံးပြန်လည်ကျန်းမာလာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ယခုကဲ့သို့ **ခက်ခဲသည့် အချိန်ကာလတွင် မြန်မာပြည်သူများနှင့်အတူတကွ ရပ်တည်လျက်ရှိ**ပါကြောင်းတို့ဖြင့် ဝမ်းနည်းစိတ်မကောင်းမှုများကို အသီးသီးဖော်ပြထားကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**
**အဆွေတော်ခင်ဗျား၊**

မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်သည့် ငလျင်ဒဏ်ခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ်အများအပြား ထိခိုက်ဆုံးရှုံးရသည်ကို သိရှိရသည့်အတွက် အံ့သြစိတ်မကောင်းဖြစ်ရပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူများကိုယ်စား ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်မိပါကြောင်းနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ ၎င်းတို့၏ မိသားစုဝင်များအတွက် စာနာထောက်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

တရုတ်နှင့် မြန်မာနိုင်ငံတို့သည် အေးအတူပူအမျှချစ်ကြည်ရင်းနှီးသည့်၊ ဆိုးအတူ ကောင်းဖက် နိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံပြည်သူများသည်လည်း ပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု တည်ထောင်ထားရှိကြပါသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် လိုအပ်သည့် အကူအညီပေးရန် အဆင်သင့်ရှိပြီး ထိခိုက်ခံစားရသည့် မြန်မာပြည်သူများ ဘေးအန္တရာယ်ကျော်လွှားနိုင်ရေးနှင့် မိမိတို့အနေဖြင့် မြန်မာနိုင်ငံကို အစောဆုံးပြန်လည်တည်ဆောက်နိုင်ရေး ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

**ရှီကျင့်ဖျင်**
**သမ္မတ**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

---

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**
**အဆွေတော်ဝန်ကြီးချုပ်ခင်ဗျား၊**

မြန်မာနိုင်ငံတွင် ပြင်းထန်သော ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် မြန်မာပြည်သူ ပြည်သားများအနေဖြင့် အသက်အိုးအိမ်စည်းစိမ်များစွာ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်ဟု သိရှိရသည့်အတွက် များစွာ ဝမ်းနည်းမိပါကြောင်း ပြောကြားလိုပါသည်။ မိမိအနေဖြင့် တရုတ်နိုင်ငံ အစိုးရကိုယ်စား အဆိုပါငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် အားပေးနှစ်သိမ့်လိုက်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအစိုးရ၏ ခိုင်မာအားကောင်းသည့် ဦးဆောင်မှုအောက်တွင် ငလျင်ဒဏ်သင့်ဒေသများရှိ မြန်မာပြည်သူများအနေဖြင့် ဘေးအန္တရာယ်များကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီး ကောင်းမွန်သည့် လူမှုဘဝကို အမြန်ဆုံးပြန်လည်တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

**လီချန်း**
**ဝန်ကြီးချုပ်**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**
**၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်**

---

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌခင်ဗျား၊**

ကမ္ဘောဒီးယားနိုင်ငံပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများ အထူးသဖြင့် ငလျင်ဒဏ်ကြောင့် အသက်များဆုံးရှုံးမှုများနှင့် ဒဏ်ရာရရှိမှုများအတွက် စာနာထောက်ထားကြောင်းနှင့် ဝမ်းနည်းကြောင်း ဖော်ပြလိုပါသည်။

မြန်မာပြည်သူများနှင့်အတူ ကြေကွဲဝမ်းနည်းရပြီး ပြန်လည်ထူထောင်နိုင်ရေး အတူတကွ ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ငလျင်ဒဏ်ကြောင့်သေဆုံးရသူများ အားလုံးကောင်းရာမွန်ရာသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။ ဒဏ်ရာရရှိသူများ ဆောလျင်စွာ ပြန်လည်ကောင်းမွန်စေလိုကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ငလျင်ဖြစ်ပွားခဲ့သည့် ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများကို ရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်မှုများကို ချီးကျူးဂုဏ်ပြုအပ်ပါသည်။

စာနာထောက်ထားစွာဖြင့်-

**ပရယ်ဘတ် ဆမ်ဒတ်ပရယ် ဘိုရိုနိုနစ် နိုရိုဒွန် သီဟာမိုနီ**
**၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်**

---

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**
**အဆွေတော်ဥက္ကဋ္ဌခင်ဗျာ-**

မြန်မာနိုင်ငံအလယ်ပိုင်း၌ လှုပ်ရှားခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် လူအမြောက်အမြား ထိခိုက်ဒဏ်ရာရမှုများအတွက် ကမ္ဘောဒီးယားပြည်သူ များကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများ အထူးသဖြင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးခဲ့ရသည့်မိသားစုများအတွက် များစွာ ဝမ်းနည်းကြေကွဲရပါသည်၊

မိမိတို့အနေဖြင့် မြန်မာပြည်သူများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ငလျင်ကြောင့် အသက်ဆုံးရှုံးကြသူများအနေဖြင့် အေးချမ်းကောင်းမွန်သည့်ဘဝသို့ ရောက်ရှိပါစေကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအနေဖြင့် အမြန်ဆုံးပြန်လည်ကျန်းမာလာပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဟွန်ဆန်**

---

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**
**အဆွေတော်၊**

မကြာသေးမီက မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် မြန်မာပြည်သူများ၏ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများကို သိရှိရသည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်။

ဘရူနိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများ၊ အထူးသဖြင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားရသည့် မိသားစုနှင့် အသိုက်အဝန်းများအားလုံးအတွက် ဝမ်းနည်းစိတ်မကောင်းမှုကို ဖော်ပြအပ်ပါသည်။

စာနာထောက်ထားစွာဖြင့်

**ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ**
**ဘရူနိုင်းနိုင်ငံ**

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

**အဆွေတော်ဥက္ကဋ္ဌခင်ဗျာ-**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်၊ နေ့လယ်ခင်းတွင် မြန်မာနိုင်ငံအလယ်ပိုင်းတွင် လှုပ်ခတ်ခဲ့သည့် ပြင်းထန်ငလျင်ကြောင့် အသက်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပြင်းထန်စွာ ပျက်စီးဆုံးရှုံးမှုများအကြောင်း ကြားသိရသည့်အတွက် အလွန်အမင်း ဝမ်းနည်းရပါသည်။

ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာအစိုးရ မြန်မာပြည်သူများ အထူးသဖြင့် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခံစားရသည့် မြန်မာပြည်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

သေဆုံးထိခိုက်ခံစားရသူများအတွက် ဆုတောင်းမေတ္တာပို့သလျက် ထိခိုက်ခံစားရသူများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရန် မျှော်လင့်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ယခုကဲ့သို့ခက်ခဲသည့် အချိန်ကာလတွင် မြန်မာပြည်သူများနှင့်အတူတကွရပ်တည်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော်၏ အမြော်အမြင်ကြီးမားသည့် ခေါင်းဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် အခက်အခဲကို အောင်မြင်စွာကျော်လွှားနိုင်ပြီး ပိုမိုသန်မာလာစေမည်ဟု ယုံကြည်ပါသည်၊ အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဟွန်မာနိုက်

**အဆွေတော်**
**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**နေပြည်တော်**
**ညီအစ်ကို ဝန်ကြီးချုပ်ခင်ဗျား-**

နီကာရာဂွါစံတော်ချိန် နံနက်ပိုင်း၊ မြန်မာစံတော်ချိန် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ၊ မန္တလေးမြို့၌ ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ လူ ၂၀၀ သေဆုံးခဲ့ပြီး လူပေါင်း ၇၀၀ ကျော်ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ကြားသိရသည့်အတွက် အံ့သြတုန်လှုပ်မိပါသည်။

မိမိတို့ပြည်သူများလည်း ခံစားခဲ့ရသည့် ယခုကဲ့သို့ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်များ၊ ထိခိုက်ဒဏ်ရာဆုံးရှုံးမှုများကို သိရှိနားလည်ရာ မိမိတို့အနေဖြင့် အဆွေတော်၊ အဆွေတော်အစိုးရနှင့် မြန်မာပြည်သူများ၊ မိသားစုများအားလုံးကို ဝမ်းနည်းကြောင်းဖော်ပြလိုပါသည်။ မိမိတို့အနေဖြင့် အတူတကွ ဆုတောင်းမေတ္တာပို့သလျက်ရှိပြီး အဆွေတော်တို့ပြည်သူများ ပုံမှန်ဘဝအခြေအနေသို့ ရောက်ရှိစေမည်ဟု ယုံကြည်ပါသည်။

နီကာရာဂွါမှ အဆွေတော်၊ အဆွေတော်အစိုးရနှင့် မြန်မာပြည်သူများကို ကျေးဇူးတင်ရှိကာ အသိအမှတ်ပြုအပ်ပါသည်။

**ဒယ်နီရယ်အော်တီဂါဆာဗေဒရာ** **ရိုဆာရီမူရီလို**

## နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားမှုပြုလုပ်ရန် ကြေညာခြင်း

**နေပြည်တော် မတ် ၃၁**

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ်၊ ဝ၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် ၃၁-၃-၂၀၂၅ ရက်နေ့မှ ၆-၄-၂၀၂၅ ရက်နေ့အထိ (၇) ရက်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။

၂။ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာလှုပ်ရှားမှုအဖြစ် ၂၀၂၅ ခုနှစ်၊ ဧပြီ လ ၁ ရက်နေ့၊ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ်၊ ဝ၂ စက္ကန့်တွင် အောက်ပါအတိုင်း ပြုလုပ်သွားမည်ဖြစ်သည် -

(က) နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍လွှင့်ထူထားသော အလံတိုင်ရှေ့(သို့မဟုတ်) သင့်လျော်ရာနေရာ(သို့မဟုတ်) ပြုလုပ်နေသည့်အခမ်းအနားများ၌ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခြင်း။

( ခ ) လှုပ်ရှားသွားလာနေသူများအနေဖြင့် ၎င်းအချိန်တွင် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုခြင်း။

( ဂ ) ၎င်းအချိန်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ဥသြဆွဲဂါရဝပြုခြင်း။

(ဃ) ၎င်းအချိန်တွင် မီဒီယာများအနေဖြင့် ထုတ်လွှင့်လျက်ရှိသည့် အစီအစဉ်များအား ခေတ္တရပ်ဆိုင်း၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် Logo များအား ထုတ်လွှင့်ခြင်း။

( င ) သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ဘုရားစေတီများ၊ ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများ ရွတ်ဆိုခြင်းနှင့် အမျှအတန်း ပေးဝေခြင်း။

၃။ အထက်ပါအစီအစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာလှုပ်ရှားမှုကို တစ်နိုင်ငံလုံးမှ ပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မြန်မာနိုင်ငံတွင် တွေ့ကြုံခံစားရလျက်ရှိသည့် ငလျင်သဘာဝဘေးအပေါ် ထပ်တူဝမ်းနည်းခံစားရကြောင်း အသိအမှတ်ပြုခြင်းများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ကြိုးပမ်းအားထုတ်မှုများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၃၁**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ်၊ ဝ၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများ တွေ့ကြုံခံစားခဲ့ရပါသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံတွင် ပြင်းထန်ပြီး ရှားပါးသည့် သဘာဝဘေးဒဏ်ကို ရင်ဆိုင်ခံစားခဲ့ရမှုများကို နိုင်ငံတကာမှ စာနာထောက်ထားသောအားဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များစေလွှတ်၍ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်အတူတကွ ပူးပေါင်း၍ လိုအပ်သည့်ကူညီကယ်ဆယ်မှုများကို တက်တက်ကြွကြွကူညီပံ့ပိုးပေးခဲ့သကဲ့သို့ ကူညီကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများကိုလည်း ပို့ဆောင်ပေးခဲ့ကြပါသည်။ နိုင်ငံတကာမှ လာရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံမှကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့်အတူ ကူညီကယ်ဆယ်မှုများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပြီး ပိတ်မိနေသူများအား အသက်ရှင်လျက်ကယ်ဆယ်ခြင်းများကို စွမ်းဆောင်နိုင်ခဲ့ကြပါသည်။

နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျော် အားကစားအသင်းအဖွဲ့ချုပ်များနှင့် ဘောလုံးအသင်းများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသီးသီးမှလည်း ထပ်တူဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ခြင်း၊ အားကစားပွဲများ မစတင်မီ တစ်မိနစ်ငြိမ်သက်ခြင်း၊ ထပ်တူဝမ်းနည်းရပါကြောင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ် အခက်အခဲများအား အောင်မြင်စွာ ကျော်လွှားနိုင်ပါစေကြောင်း ရေးသားထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြပါသည်။

အလားတူ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် တာဝန်သိ တိုင်းရင်းသား မိဘပြည်သူများအားလုံးအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ပါဝင်ကူညီလျက်ရှိကြပြီး စုစည်းညီညွတ်သည့်အားဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်ကို စိတ်ဓာတ်ခိုင်မာမှု၊ ယုံကြည်မှုတို့ဖြင့် အပြန်အလှန် ဖေးမကူညီလက်တွဲကာ အခက်အခဲများကို ကျော်ဖြတ်လျက်ရှိပါသည်။

ထိုကဲ့သို့သော မြန်မာနိုင်ငံတွင်တွေ့ကြုံခံစားခဲ့ရသည့် ငလျင်သဘာဝဘေးအပေါ် အရေးပေါ်အကူအညီများပေးရန် ကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးကုသမှုအဖွဲ့များ စေလွှတ်ပေးခြင်း၊ ကူညီကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ ပို့ဆောင်ပေးခြင်း၊ ထပ်တူဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ခြင်း၊ အသိအမှတ်ပြု လှုပ်ရှားမှုများ ပြုလုပ်ပေးခြင်းနှင့် အားပေးစကားများ ရေးသားဖော်ပြပေးခြင်း၊ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ စေတနာ့ဝန်ထမ်းများ၊ ပြည်သူများအားလုံး၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ခြင်းတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံတော်အစိုးရမှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ငလျင်ဒဏ်ကြုံတွေ့ခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြည်သူများ အဆက်အသွယ် မပြတ်ရရှိစေရန် MPT ဖုန်းအချင်းချင်းအခမဲ့ မိနစ် ၇၀၀ ခေါ်ဆိုခွင့်နှင့် SMS စာတိုပေးပို့မှု အစောင် ၇၀၀ ကို တစ်ပတ်တာ ဝန်ဆောင်မှုပေးထား

**ရန်ကုန် မတ် ၃၁**

မတ် ၂၈ ရက် တပေါင်းလကွယ်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်ကြောင့် ငလျင်ဘေးဒဏ် ကြုံတွေ့ခဲ့ရသော တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ပြည်သူများ အဆက်အသွယ် မပြတ်ရရှိစေရန် MPT ဖုန်းအချင်းချင်း အခမဲ့ မိနစ် ၇၀၀ ခေါ်ဆိုခွင့်နှင့် SMS စာတိုပေးပို့မှုအစောင် ၇၀၀ ကို တစ်ပတ်တာ ဝန်ဆောင်မှုပေးထားကြောင်း MPT မှ သိရသည်။




အဆိုပါ အခမဲ့ဝန်ဆောင်မှုကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ တစ်ပတ်တာ အခမဲ့ဝန်ဆောင်မှုပေးထားပြီး ငလျင်ဒဏ်ကြောင့် တယ်လီဖုန်းခေါ်ဆိုမှု အခက်အခဲများကိုလည်း အမြန်ဆုံး ပြန်လည်ကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်သန်းဦး

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အောင်ပန်းမြို့ အောင်ချမ်းသာစာသင်တိုက်ကျောင်းဝင်းအတွင်းရှိ ငလျင်ဒဏ်သင့် သာသနာဟိတကာရီကျောင်း သုံးထပ်ဆောင် ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

◆ *ကျောဖုံးမှ*

ထိုသို့ဆောင်ရွက်လျက်ရှိရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုရှိခဲ့ရသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းနှင့် ညောင်ရွှေမြို့နယ်များသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေး၍ အားပေးစကားပြောကြားခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အောင်ပန်းမြို့သို့ ရောက်ရှိရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဟိုတယ်အောင်ပန်း ပြိုကျပျက်စီးမှု ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ ဟိုတယ်အောင်ပန်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စက်ယန္တရားကြီးများ အသုံးပြု၍ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အောင်ပန်းမြို့နယ်သို့ လုပ်ငန်းကိစ္စဖြင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအဖွဲ့ဝင် ဦးမျိုးမြင့်နှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ အောင်ချမ်းသာစာသင်တိုက်ကျောင်းဝင်းအတွင်းရှိ ငလျင်ဒဏ်သင့် သာသနာဟိတကာရီကျောင်း သုံးထပ်ဆောင် ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စာသင်သားသံဃာတော်များ အဆင်ပြေချောမွေ့စေရေး စာအံသင်ကြားနိုင်ရေးအတွက် အင်ဂျင်နီယာပညာရှင်များဖြင့် အမြန်ဆုံး ပြုပြင်တည်ဆောက်နိုင်ရေး၊ ပြိုကျနိုင်မည့်အန္တရာယ်ရှိအဆောက်အအုံများအနီးတစ်ဝိုက် အန္တရာယ်ကင်းဇုန်သတ်မှတ်ထားရှိရေးနှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

**သာသနိကအဆောက်အအုံများ၏ ကြံ့ခိုင်ကောင်းမွန်မှု ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်သင့် ကျောင်းတိုက်အဆောက်အအုံများအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်မည့် အခြေအနေများ၊ သံဃာတော်များ ဆွမ်း၊ ကွမ်း အဆင်ပြေရေးအတွက် စီမံဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကာ အဆိုပါကျောင်းတိုက်အတွင်းရှိပိဋကတ်ဂုဏ်ရည်ကျောင်းတော်နှင့် အခြားသာသနိကအဆောက်အအုံများ၏ ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါ စာသင်တိုက်၌ သံဃာတော် ၃၇၅ ပါး သီတင်းသုံး စာဝါလိုက်လျက်ရှိကြောင်း သိရသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အောင်ပန်းမြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားစဉ်။

**ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သားပြည်သူ ၂၈ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ ရောဂါသက်သာပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်လူနာများနှင့် ဆေးရုံအနီးဝန်းကျင်ရှိ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စေတနာရှင် ကမ္ဘောဇအလင်းအဖွဲ့မှ စက်ရေတွင်းတူးဖော်စက်ယန္တရားဖြင့် တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တူးဖော်ရေးအဖွဲ့အား ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းလေးဒေသသို့ ရဟတ်ယာဉ်၊ စက်လှေများဖြင့် သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

**ကေလာကျေးရွာအတွင်း စက်လှေများဖြင့် လှည့်လည်ကြည့်ရှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် ကေလာကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအတွင်း ငလျင်ဒဏ်ကြောင့် နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးမှုများကို စက်လှေများဖြင့် လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ရောက်ရှိနေသည့် ငလျင်ဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြစ်ကြောင်း ဦးစွာ ရှင်းလင်းပြောကြားပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ရှိ နေအိမ်အဆောက်အအုံ အပျက်အစီးများအား ဦးစွာ ဖယ်ရှားရှင်းလင်းခြင်း၊ အန္တရာယ်ရှိသည့် နေအိမ်အဆောက်အအုံ၊ သာသနိကအဆောက်အအုံများအား ပြုပြင်၍ ရနိုင်မည့် အခြေအနေစစ်ဆေးခြင်း၊ ပြုပြင်ရန်မသင့်က ဖျက်သိမ်းခြင်း၊ အနည်းဆုံးပျက်စီးမှုအဆောက်အအုံနှင့် သာသနိကအဆောက်အအုံများအား အမြန်ဆုံး

*စာမျက်နှာ ၉ သို့*

**❑ မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်အနေဖြင့် နှစ်အလိုက် ရေကြီးမှုများ၊ လေမုန်တိုင်းတိုက်ခတ်ခြင်းများ၊ ငလျင်လှုပ်ခတ်မှုများကြောင့် နိုင်ငံတော်အစိုးရ၏ ရှေ့ဆက်ဆောင်ရွက်ရမည့် နိုင်ငံတော်တိုးတက်ရေးအတွက်လုပ်ငန်းများတွင် များစွာလုပ်ငန်းတိုးတက်မှု နှောင့်နှေးမှုများကြုံနေရ၊ သို့သော်လည်း သဘာဝဘေးအန္တရာယ်ဖြစ်သည့်အတွက် မည်သို့မျှ တားဆီး၍မရသောကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့ရသည့် အခြေအနေတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်သူများမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားတိုက်တွန်း**




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အင်းလေးဒေသ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို စက်လှေဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၈ မှ*

ပြန်လည်တည်ဆောက်ခြင်း စသည့် လုပ်ငန်းအဆင့်အလိုက် တစ်ဆင့်ပြီး တစ်ဆင့် အမြန်ဆုံးဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နေထိုင်စားသောက်ရေးနှင့်ပတ်သက်၍ အခြေခံစားကုန်များနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ အစားအသောက်များ၊ နန်းပန်လှေဆိပ်ဟိုတယ်ဇုန်၌ပြည်နယ်ကျေးလက်နှင့်သမဝါယမဦးစီးဌာနမှ ရွှေ့လျားရေသန့်စက်ယာဉ် အသင့်ထားရှိဖြန့်ဝေပေးသွားမည့်အခြေအနေများ၊ နိုင်ငံတကာမှ ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းများအား ဆက်လက်ဖြန့်ဝေပေးသွားမည့်အခြေအနေများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှပေးအပ်သည့် ပစ္စည်းများနှင့် ထောက်ပံ့ငွေများရရှိရေး စီမံဆောင်ရွက်သွားမည့်အခြေအနေများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးပေးခန်းများ အမြန်ဆုံးပြန်လည်ပြုပြင်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ အပျက်အစီးစာရင်းကောက်ယူရေးအဖွဲ့များ စာရင်းလာရောက်ကောက်ယူချိန်တွင် အချက်အလက်ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရေးနှင့် အခြားလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။ ထို့နောက် ကေလာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ငလျင်ဒဏ်ကြောင့် ပြိုလဲပျက်စီးနေသည့် (၁၂၀ ပေ X ၃၀ ပေ) ၄ ခန်းတွဲ ၅ ဆောင် အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများ၊ အင်ဂျင်နီယာပညာရှင်များနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အမီ ကျောင်းစာသင်ကြားနိုင်ရေး ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ရတနာ့စံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦး ဘုရားရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ၊ မုခ်ဦးများ၊ လှေကားများ ငလျင်ဒဏ်ကြောင့် ကွဲအက်ပျက်စီးနေမှုကို တွေ့ရစဉ်။

**❍ ယခုဖြစ်စဉ်ကြောင့် သေဆုံးရသည်များမှာ နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ များစွာ ဆုံးရှုံးရသည်ဟု ခံစားရ၊ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုပင်ဖြစ်၊ အဆောက်အအုံဆုံးရှုံးရသည်မှာ ငွေရှိလျှင် ပြန်လည်တည်ဆောက်နိုင်သော်လည်း လူသားအရင်းအမြစ်ဆုံးရှုံးရသည်မှာ အနာဂတ်အတွက် များစွာတန်ဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုပင်ဖြစ်၊ သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်တွင် ဆုံးရှုံးမှုများအား အတတ်နိုင်ဆုံး အနည်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားကြရမည်**

### ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇရပ်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုများ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုဿဒန ထံ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စအတွက် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ကူညီကယ်ဆယ်ရေးအဖွဲ့များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရတနာ့စံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်းများနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြကာ ဆရာတော် ဘဒ္ဒန္တ ဝိဇယအား ဖူးမြော်ကြည်ညိုကြ၍ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဘုရားရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ ငလျင်ဒဏ်ကြောင့် ကွဲအက်ပျက်စီးနေမှုအခြေအနေများ၊ မုခ်ဦးများ၊ လှေကားများ၊ ကရဝိတ် ဖောင်တော်ထားရှိရာ အဆောင်နှင့်အခြားသာသနိကအဆောက်အအုံများ ပြိုကျပျက်စီးနေမှု အခြေအနေများ၊ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်စေရေးတို့အတွက် စက်ယန္တရားများဖြင့် နုန်းမြေများအားရေလမ်းကြောင်းကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ပြိုကျပျက်စီးနေသည့် သာသနိကအဆောက်အအုံများအား နယ်မြေခံပြည်နယ်အင်ဂျင်နီယာများကြားနှင့် အဖွဲ့များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်၍ မူလလက်ယာမပျက် အမြန်ဆုံးပြန်လည်ပြုပြင်သွားရန်၊ ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာ လာရောက်ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။ ထို့နောက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

### အမြန်ဆုံးပြန်လည်ပြုပြင်နိုင်မည့် နည်းလမ်းများရှိ

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ကိန်းဝပ်သီတင်းသုံးတော်မူရာ ရတနာ့စံကျောင်းတော်ကြီးအား အင်ဂျင်နီယာပညာရှင်များ၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနအောက်ရှိ ဘူမိဗေဒပညာရှင်များ၏ ပဏာမစစ်ဆေးချက်အရ ပင်မစံကျောင်းတော်၏ ခိုင်မြဲမှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး မြောက်အရပ်ပင်မလှေကားထိပ်နှင့်ပင်မစံကျောင်းတော်ထိစပ်နေရာ၌ အနည်းငယ်ထိခိုက်မှုရှိပြီး ကျန်အရှေ့၊ အနောက်၊ တောင်ဘက်အရပ်မျက်နှာရှိ လှေကားထိပ်နှင့် စံကျောင်းတော်မှာ မူလကပင်တွဲဆက်ထားခြင်းမဟုတ်သည့်အတွက် ၃ လက်မမှ ၆ လက်မအထိ ကွာဟနေသည့် အနေအထားရှိကြောင်း စိစစ်တွေ့ရှိရသည်။ အဆိုပါအခြေအနေအား ကုန်ကျစရိတ်သက်သာဆုံးနှင့် အမြန်ဆုံးပြန်လည်ပြုပြင်နိုင်မည့် နည်းလမ်းများရှိကြောင်း သိရှိရပြီး လုပ်ငန်းအသေးစိတ်တို့အား ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ပြည်နယ်အဆင့် DMC အဖွဲ့ဝင်များ၊ ပညာရှင်များက ဆက်လက်ဆွေးနွေး၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ်၊ နန်းပန်မြို့၊ နန်းပန်-အင်းလေး ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးရုံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်ဆေးကုသမှုခံယူလျက် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သားပြည်သူ ၁၈ ဦး ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများ၊ ရောဂါသက်သာပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမတွင် ပြည်နယ်အဆင့်

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အဖွဲ့များအား သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားတိုက်တွန်း**

ထိုသို့ အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငလျင်ဘေးနှင့်ပတ်သက်၍ ချမှတ်ထားသည့် မူဝါဒများကို သိရှိစေရန်နှင့် ယခုခရီးစဉ်အတွင်း တွေ့ရှိချက်များအပေါ် ပြန်လည်ပြုပြင်ခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မတ်လ ၂၈ ရက်နေ့ ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်အချိန်တွင် အင်အား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးဖြင့် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့် ကွာဝေးသော မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၂၀ ကီလိုမီတာခန့်အကွာတွင် လှုပ်ခတ်ခဲ့သည့် ငလျင်မှာ ဗဟိုချက်သည် မြေပြင်အောက် ၁၀ ကီလိုမီတာအကွာ အလွန်နီးကပ်သောကြောင့် အလွန်အားပြင်းခဲ့ကြောင်း၊ ထို့ကြောင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် အပျက်အစီးများစွာ ဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပထမဦးစားပေးအနေဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အပျက်အစီးအပိုင်းအစများအားလုံး အမြန်ဆုံးရှင်းလင်းဖယ်ရှားရေး၊ ဒုတိယအဆင့်အနေဖြင့် လက်ရှိအခြေအနေတွင် ပျက်စီးလုနီးပါးဖြစ်နေသည့် အပြင်အန္တရာယ်ရှိသည့်အဆောက်အအုံများအား ဘေးအန္တရာယ်ကင်းစွာ အပြီးတိုင် စနစ်တကျဖြင့် ဖြိုခွဲဖျက်ဆီးရေး၊ တတိယအဆင့်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆောက်ရေးကဏ္ဍ ယခု ငလျင်ဒဏ်ခံစားရမှုအပေါ် သင်ခန်းစာရယူရန် လမ်း၊ တံတား၊ ရုံးအဆောက်အအုံ၊ အထပ်မြင့်အဆောက်အအုံများအား ငလျင်ဒဏ်ခံနိုင်ရေးအတွက် မြေအနေအထားစစ်ဆေးခြင်း ပြုလုပ်ပြီးမှသာ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးစသည့် အပိုင်းသုံးပိုင်းအား လမ်းညွှန်ချမှတ်ထားပေးထားကြောင်း၊ ပုဂ္ဂလိကအဆောက်အအုံများအား ဆက်လက်နေထိုင်ရန် မသင့်လျော်ပါက ဖျက်ဆီးသင့်ကြောင်း စည်းရုံးတိုင်ပင်ပြောဆို၍



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမတွင် ပြည်နယ်အဆင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

စနစ်တကျဖျက်ဆီးရန်လိုကြောင်း၊ အစိုးရရုံးဌာနများအားဆက်လက်အသုံးပြုနေထိုင်ရန် မသင့်တော့သည်များကို အပြည့်အဝဖျက်ဆီးသွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်အနေဖြင့် နှစ်အလိုက် ရေကြီးမှုများ၊ လေမုန်တိုင်းတိုက်ခတ်ခြင်းများ၊ ငလျင်လှုပ်ခတ်မှုများကြောင့် နိုင်ငံတော်အစိုးရ၏ ရှေ့ဆက်ဆောင်ရွက်ရမည့် နိုင်ငံတော်တိုးတက်ရေးအတွက်လုပ်ငန်းများတွင် များစွာလုပ်ငန်းတိုးတက်နှောင့်နှေးမှုများ ကြုံနေရကြောင်း၊ သို့သော်လည်း သဘာဝဘေးအန္တရာယ်ဖြစ်သည့်အတွက် မည်သို့မျှ တားဆီး၍မရသောကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့ရသည့် အခြေအနေတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်သူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် အလေးထား တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**လူသားအရင်းအမြစ်ဆုံးရှုံးရသည်မှာ တန်ဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုပင်ဖြစ်**

ထို့နောက် ဆက်လက်ပြောကြားရာတွင် ယနေ့လက်ရှိမြင်တွေ့ခဲ့ရသည့် အောင်ပန်းမြို့တွင်း၌ အထပ်မြင့်အဆောက်အအုံအပါအဝင် ပျက်စီးမှုအများအပြားမှာ ငလျင်ဒဏ်ကြောင့် လုံးဝပြိုကျပျက်စီးမှုနည်းပါးပြီး ယိုင်နဲ့သွားခြင်း၊ အထပ်လိုက်မြေကြီးတွင် နစ်မြုပ်ခြင်းများ တွေ့ရှိရကြောင်း၊ ယခင်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ခဲ့သည့်အတွက်လည်း အောက်ခံမြေသားများ နိမ့်ကျကျွံဝင်မှုများလည်းရှိသည့်အတွက် ယခု ငလျင်ဒဏ်ကြောင့် ပိုမိုပျက်စီးကာ အဆောက်အအုံများမှာ ယိုင်လဲမှု၊ မြေနိမ့်ကျွံဝင်မှုများအား တွေ့ရှိရကာ အဆိုပါဖြစ်ရပ်များအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သင်ခန်းစာယူရမည် ဖြစ်ကြောင်း၊ ဆက်လက်၍ တွေ့ရှိရသည့် အင်းလေးဒေသ၌ ရေထဲတွင် ဆောက်လုပ်ထားသည့် အိမ်များအနေဖြင့် ရှိသည့်ကုန်းမြေပေါ်တွင် အောက်ခံအမာခံမရှိဘဲ သစ်သားတိုင်များဖြင့်သာ ဆောက်လုပ်ထားပြီး အဆောက်အအုံအများစုမှာ နှစ်ကြာမြင့်ခြင်းတို့ကြောင့် အိမ်များ ယိုင်လဲခြင်း၊ ယိုင်လဲရာတွင်လည်း ပတ်ဝန်းကျင် ရေထဲသို့ ယိုင်လဲသဖြင့် သေဆုံးသူအများစုမှာ ရေနစ်မွန်း၍ သေဆုံးရသည်ကို တွေ့ရှိရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်းပေါ်တွင် တည်ဆောက်ထားသည့် အဆောက်အအုံပျက်များမှ ဒဏ်ရာရသူများအား ကယ်ဆယ်ရေးဆောင်ရွက်နိုင်သော်လည်း ရေထဲတွင်တည်ဆောက်ထားခြင်းဖြစ်၍ ရေနစ်သေဆုံးရသည်များဖြစ်ရပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် ခက်ခဲကြောင်း၊ လက်ရှိစာရင်းများအရ ရှမ်းပြည်နယ်အတွင်း ဘုရားစေတီပေါင်း ၁၈ ဆူ၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း သုံးကျောင်း၊ တံတားတစ်စင်း၊ လူနေအဆောက်အအုံ ၁၅၇ လုံး၊ သေဆုံးသူ ၆၅ ဦး၊ ဒဏ်ရာရ ၇၃ ဦးရှိသည်ကို တွေ့ရကြောင်း၊ ယခုဖြစ်စဉ်ကြောင့် သေဆုံးရသည်များမှာ နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ များစွာဆုံးရှုံးရသည်ဟုခံစားရပါကြောင်း၊ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုပင်ဖြစ်ပါကြောင်း၊ အဆောက်အအုံဆုံးရှုံးရသည်မှာ ငွေရှိလျှင် ပြန်လည်တည်ဆောက်နိုင်သော်လည်း လူသားအရင်းအမြစ်ဆုံးရှုံးရသည်မှာ အနာဂတ်အတွက် များစွာတန်ဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်တွင် ဆုံးရှုံးမှုများအား အတတ်နိုင်ဆုံး အနည်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရေနှင့် နီးစပ်ရာဒေသများတွင် ကုန်းမြေအနည်းငယ်ပေါ်တွင်သာ အဆောက်အအုံတည်ဆောက်၍ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် များစွာဆုံးရှုံးမှုများဖြစ်ရသည်ကို တွေ့ရကြောင်း၊ ထိုသို့ဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ထိုကဲ့သို့နေထိုင်ကြသူများအား ဝိုင်းဝန်းအကြံပေး၍ ကုန်းမြေ ခံနိုင်မှုနှင့် အဆောက်အအုံအလေးချိန် သမမျှတစွာ၊ အောက်ခြေခံနိုင်စွာဖြင့် တည်ဆောက်ပေးနိုင်ရေး ကူညီဆောင်ရွက်ရမည် ဖြစ်ကြောင်း။

**အိမ်နီးချင်းနိုင်ငံများအနေဖြင့် ကူညီပေးနေသည်ကို ကျေးဇူးတင်ထိုက်ဖွယ်တွေ့မြင်ရ**

ပြည်နယ်အဆင့် DMC အနေဖြင့် ရှာဖွေကယ်ဆယ်ရေး၊ စာရင်းကောက်ယူရေး ပြန်လည်ထူထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကော်မတီအသီးသီးဖြင့် ဖွဲ့စည်းထားပြီးဖြစ်သော်လည်း အထူးသဖြင့် စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများအလိုက် လက်ရှိ ငလျင်ဒဏ်ခံနေရသည့် ဒေသမှ ဝန်ထမ်းများအား တာဝန်ပေးအပ်သည်ထက် သဘာဝဘေးအန္တရာယ်နှင့် ကင်းလွတ်သည့် အခြားတိုင်းဒေသကြီးမှ ဝန်ထမ်းများအားခေါ်ယူ၍ တာဝန်ပေးအပ်ပါက ပိုမိုအဆင်ပြေစေနိုင်မည်ကို အကြံပြုဆွေးနွေးလိုပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ယခုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ကေလာကျေးရွာအုပ်စုနှင့် နန်းပန်ကျေးရွာအုပ်စုတို့အတွက် ဒေသခံပြည်သူများ ကျန်းမာရေးအတွက် ဆေးရုံတည်ဆောက်ပေးနိုင်ရေး မြေနေရာအား ရွေးချယ်လျာထားတင်ပြရန် လမ်းညွှန်ထားပါကြောင်း၊ လတ်တလော ကေလာဘုန်းတော်ကြီးကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်နိုင်ရေး စီမံပေးထားမည်ဖြစ်သည့်အပြင် စစ်စံထွန်းဆေးရုံကြီးနှင့် တပ်မတော်ဆေးရုံကြီး အမှတ်(၂/၇၀၀)တို့မှ ပါရဂူများဖြင့် နယ်လှည့်ဆေးကုသရေးအထူးအဖွဲ့ကိုလည်း ဧပြီ ၁ ရက်နေ့မှ စတင်စေလွှတ်ပေးမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သေဆုံးသူ ၂၀၀၀ ကျော်ရှိသည်ဟု သိရှိရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် သဘာဝဘေးကူညီကယ်ဆယ်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများအား ဖိတ်ခေါ်မှုတွင် ပြည်ပနိုင်ငံများအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အားတက်သရော ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများအနေဖြင့် မိမိတို့ နိုင်ငံအပေါ်တွင် လူသားချင်းစာနာထောက်ထားသော စေတနာအပြည့်ဖြင့် ကူညီပေးနေသည်ကို ဝမ်းသာကြည်နူး ကျေးဇူးတင်ထိုက်ဖွယ် တွေ့မြင်ရပါကြောင်း။

သို့ဖြစ်၍ ယခုလက်ရှိ သဘာဝဘေးခံစားနေရသည့် အင်းလေးဒေသရှိ ပြည်သူများအား အမြန်ဆုံးကူညီကယ်တင်နိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားသောစိတ်ဖြင့် ပြည်နယ် DMC အဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ စိတ်ဓာတ်မြှင့်တင်ပေးရေး လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားစေလိုကြောင်းဖြင့် ပြောကြားသည်။

**လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက်တက်ရောက်လာကြသူများက ဒေသအတွင်း ပျက်စီးဆုံးရှုံးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ ငလျင်ဘေးသင့်ပြည်သူများအတွက် ယာယီတဲများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးကိစ္စ၊ DMC မှ ထောက်ပံ့ပေးအပ်သည့် အခြေခံစားကုန်များနှင့် ထောက်ပံ့ငွေများ ပေးအပ်နိုင်ရေး၊ စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးခန်းများ အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး၊ ဟိုတယ်များတွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ တည်းခိုနေထိုင်နိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ **နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် သဘာဝဘေးကူညီကယ်ဆယ်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများအား ဖိတ်ခေါ်မှုတွင် ပြည်ပနိုင်ငံများအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အားတက်သရောဆောင်ရွက်နေသည်ကို တွေ့ရှိရ၊ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအပေါ်တွင် လူသားချင်းစာနာထောက်ထားသော စေတနာအပြည့်ဖြင့် ကူညီပေးနေသည်ကို ဝမ်းသာကြည်နူး ကျေးဇူးတင်ထိုက်ဖွယ် တွေ့မြင်ရ**

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅ /၂၀၂၅ ဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဥပဒေသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စ၍ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

# ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ**
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၅ /၂၀၂၅)
၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်)

**နိဒါန်း**

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်တိုးမြှင့်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများအပါအဝင် အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းအတွက် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်မှုစီမံကိန်း၊ ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးစီမံကိန်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်ထိကာလ ဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပထမ ၆ လ အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ ၆ လ အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကိုဆိုသည်။

**အခန်း(၂)**
**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၃.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-
(၁) လယ်ယာကဏ္ဍတွင် ၁.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၄.၁ ရာခိုင်နှုန်း လျော့နည်းရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁.၂ ရာခိုင်နှုန်းလျော့နည်းရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၃.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၂.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၄.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၅.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၅.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၃.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၃.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ –
(၁) ကချင်ပြည်နယ်တွင် ၁.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၁.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၂.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ဝ.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၁.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၂.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၃.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၂.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ဝ.၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၄.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၂.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၂.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၃.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၅.၀ ရာခိုင်နှုန်းမှ ၂၅.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆.၃ ရာခိုင်နှုန်းမှ ၃၆.၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၇ ရာခိုင်နှုန်းမှ ၃၈.၈ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နိုင်ငံပိုင်အခန်းမှ ကျပ် ၉,၀၆၄.၆ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၄,၇၀၀ သန်းတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၄,၃၀၀ သန်း တင်သွင်းရန်၊

(ဆ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၃,၃၄၁,၉၅၂ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**
**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မ ၁၊ ၂၊ ၃၊ ၄၊ ၅ နှင့် ၆ တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ ထုတ်လုပ်မှုမှသည် ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး၊ ပြည်တွင်း၌ လိုအပ်သည့် ကုန်ကြမ်းများထုတ်လုပ်နိုင်ရေးအတွက် ရေးဆွဲပြီးဖြစ်သည့် အမျိုးသားပို့ကုန် မဟာဗျူဟာ (၂၀၂၀-၂၀၂၅) နှင့် ချိတ်ဆက်ရေးဆွဲ ဆောင်ရွက်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဒေသတွင်းရှိ အလားအလာရှိသည့် ကုန်စည်များ ထုတ်လုပ်မှုတိုးတက်စေရေးကို ဦးတည်ပြီး ဒေသတစ်ခုထွက်ကုန်တစ်ခုထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများအကြား ပူးပေါင်းဆောင်ရွက်ပြီး ထုတ်လုပ်မှုတွင် အဓိကပါဝင်ဆောင်ရွက်ကြမည့် ထုတ်လုပ်မှုလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုကွန်ရက် (production network) တစ်လျှောက် အချိတ်အဆက်မိမိ ဆောင်ရွက်သွားရန်ဖြစ်သည်။

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မူလရေးဆွဲထားသည့် (၅) နှစ် ဖွံ့ဖြိုးမှုစီမံကိန်းကို ကဏ္ဍအလိုက် ပြန်လည်သုံးသပ်ပြီး ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာလျာထားချက်များကို ကဏ္ဍတစ်ခုနှင့်တစ်ခုအကြား ချိတ်ဆက်၍ ဆောင်ရွက်ရန်ဖြစ်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် တင်ပြလာသော စီမံကိန်းများသည် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် လျှော့၍ ခွင့်ပြုခြင်းများဆောင်ရွက်ရမည်။

၉။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။ ထို့ပြင် မြေပြင်အခြေအနေအရ အရေးပေါ်ဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စရပ်များ၊ မူလအခြေအနေအတိုင်း ဆောင်ရွက်ရန် အခက်အခဲရှိသည့်ကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းကိစ္စရပ်များနှင့် လမ်းညွှန်ချက်အရ ဆောလျင်စွာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များနှင့် ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၂။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး သို့မဟုတ် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၄။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြုနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီးဖြစ်ရမည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။

၁၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက်လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် တာဝန်ရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်။

၁၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း နှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပူးတွဲ-၁

**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ပုံမှန်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၂,၅၀၅,၉၅၅.၄** | **၂၃.၃** | **၁.၂** | **၂၂,၉၁၉,၀၆၆.၅** | **၂၃.၀** | **၁.၈** |
| | ၁ | လယ်ယာ | ၁၄,၄၉၉,၇၄၀.၆ | ၁၅.၀ | ၁.၆ | ၁၄,၇၄၃,၅၂၂.၉ | ၁၄.၈ | ၁.၇ |
| | ၂ | သားငါး | ၇,၉၆၅,၇၂၄.၆ | ၈.၂ | ၀.၅ | ၈,၁၃၃,၃၃၅.၂ | ၈.၁ | ၂.၁ |
| | ၃ | သစ်တော | ၄၀,၄၉၀.၂ | ၀.၁ | ၁.၇ | ၄၂,၂၀၈.၄ | ၀.၁ | ၄.၂ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၃၂,၁၂၈,၃၅၁.၀** | **၃၃.၂** | **၂.၃** | **၃၂,၉၂၉,၆၂၉.၅** | **၃၃.၁** | **၂.၅** |
| | ၁ | စွမ်းအင် | ၂,၁၆၆,၀၉၈.၇ | ၂.၂ | -၇.၁ | ၂,၀၇၇,၆၄၈.၆ | ၂.၁ | -၄.၁ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၂၁,၀၈၇.၃ | ၀.၅ | -၁၁.၅ | ၅၁၅,၀၈၅.၇ | ၀.၅ | -၁.၂ |
| | ၃ | စက်မှုလက်မှု | ၂၂,၇၁၄,၁၄၅.၂ | ၂၃.၅ | ၄.၀ | ၂၃,၄၃၂,၇၉၇.၉ | ၂၃.၅ | ၃.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၂၂၇,၆၁၀.၃ | ၁.၃ | -၃.၀ | ၁,၂၄၉,၁၀၉.၇ | ၁.၃ | ၁.၈ |
| | ၅ | ဆောက်လုပ်မှု | ၅,၄၉၉,၄၀၉.၅ | ၅.၇ | ၂.၁ | ၅,၆၅၄,၉၈၇.၆ | ၅.၇ | ၂.၈ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၂,၁၅၅,၈၇၂.၂** | **၄၃.၅** | **၄.၂** | **၄၃,၇၉၉,၇၁၈.၈** | **၄၃.၉** | **၃.၉** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၆၈၁,၀၃၆.၈ | ၁၂.၁ | ၅.၃ | ၁၂,၂၃၄,၉၃၄.၅ | ၁၂.၃ | ၄.၇ |
| | ၂ | ဆက်သွယ်ရေး | ၃,၂၉၉,၁၇၇.၉ | ၃.၄ | ၆.၂ | ၃,၄၇၁,၆၉၈.၃ | ၃.၅ | ၅.၂ |
| | ၃ | ငွေရေးကြေးရေး | ၄၉၄,၉၁၇.၂ | ၀.၅ | ၂.၃ | ၅၂၃,၄၅၃.၆ | ၀.၅ | ၅.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၇၁၁,၃၄၄.၀ | ၃.၈ | ၄.၆ | ၃,၈၃၈,၂၀၅.၆ | ၃.၈ | ၃.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၁၆၃,၁၈၁.၇ | ၃.၃ | ၄.၅ | ၃,၂၇၇,၈၅၂.၉ | ၃.၃ | ၃.၆ |
| | ၆ | ကုန်သွယ်မှု | ၁၉,၈၀၆,၂၁၄.၆ | ၂၀.၄ | ၃.၂ | ၂၀,၄၅၃,၅၇၃.၉ | ၂၀.၅ | ၃.၃ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၆,၇၉၀,၁၇၈.၆** | **၁၀၀.၀** | **၂.၉** | **၉၉,၆၄၈,၄၁၄.၈** | **၁၀၀.၀** | **၃.၀** |

ပူးတွဲ-၂

**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း**
**ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**( ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ )**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၄,၆၃၄,၃၀၆.၄** | **၅၆.၅** | **၁.၈** | **၅၅,၈၄၈,၆၉၆.၀** | **၅၆.၁** | **၂.၂** |
| | ၁ | လယ်ယာ | ၁၄,၄၉၉,၇၄၀.၆ | ၁၅.၀ | ၁.၆ | ၁၄,၇၄၃,၅၂၂.၉ | ၁၄.၈ | ၁.၇ |
| | ၂ | သားငါး | ၇,၉၆၅,၇၂၄.၆ | ၈.၂ | ၀.၅ | ၈,၁၃၃,၃၃၅.၂ | ၈.၁ | ၂.၁ |
| | ၃ | သစ်တော | ၄၀,၄၉၀.၂ | ၀.၁ | ၁.၇ | ၄၂,၂၀၈.၄ | ၀.၁ | ၄.၂ |
| | ၄ | စွမ်းအင် | ၂,၁၆၆,၀၉၈.၇ | ၂.၂ | -၇.၁ | ၂,၀၇၇,၆၄၈.၆ | ၂.၁ | -၄.၁ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၂၁,၀၈၇.၃ | ၀.၅ | -၁၁.၅ | ၅၁၅,၀၈၅.၇ | ၀.၅ | -၁.၂ |
| | ၆ | စက်မှုလက်မှု | ၂၂,၇၁၄,၁၄၅.၂ | ၂၃.၅ | ၄.၀ | ၂၃,၄၃၂,၇၉၇.၉ | ၂၃.၅ | ၃.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၂၂၇,၆၁၀.၃ | ၁.၃ | -၃.၀ | ၁,၂၄၉,၁၀၉.၇ | ၁.၃ | ၁.၈ |
| | ၈ | ဆောက်လုပ်မှု | ၅,၄၉၉,၄၀၉.၅ | ၅.၇ | ၂.၁ | ၅,၆၅၄,၉၈၇.၆ | ၅.၇ | ၂.၈ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၂,၃၄၉,၆၅၇.၆** | **၂၃.၁** | **၅.၁** | **၂၃,၃၄၆,၁၄၄.၉** | **၂၃.၄** | **၄.၅** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၆၈၁,၀၃၆.၈ | ၁၂.၁ | ၅.၃ | ၁၂,၂၃၄,၉၃၄.၅ | ၁၂.၃ | ၄.၇ |
| | ၂ | ဆက်သွယ်ရေး | ၃,၂၉၉,၁၇၇.၉ | ၃.၄ | ၆.၂ | ၃,၄၇၁,၆၉၈.၃ | ၃.၅ | ၅.၂ |
| | ၃ | ငွေရေးကြေးရေး | ၄၉၄,၉၁၇.၂ | ၀.၅ | ၂.၃ | ၅၂၃,၄၅၃.၆ | ၀.၅ | ၅.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၇၁၁,၃၄၄.၀ | ၃.၈ | ၄.၆ | ၃,၈၃၈,၂၀၅.၆ | ၃.၈ | ၃.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၁၆၃,၁၈၁.၇ | ၃.၃ | ၄.၅ | ၃,၂၇၇,၈၅၂.၉ | ၃.၃ | ၃.၆ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁၉,၈၀၆,၂၁၄.၆** | **၂၀.၄** | **၃.၂** | **၂၀,၄၅၃,၅၇၃.၉** | **၂၀.၅** | **၃.၃** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၆,၇၉၀,၁၇၈.၆** | **၁၀၀.၀** | **၂.၉** | **၉၉,၆၄၈,၄၁၄.၈** | **၁၀၀.၀** | **၃.၀** |

*စာမျက်နှာ ၁၃ သို့*

စာမျက်နှာ ၁၂ မှ

ဇယား-၃

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ( အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၇၇၈,၄၅၁.၇ | ၁.၈ | -၀.၄ | ၁,၇၉၈,၉၉၁.၅ | ၁.၈ | ၁.၂ |
| ၂ | ကယားပြည်နယ် | ၁၇၃,၃၂၅.၅ | ၀.၂ | -၁၂.၇ | ၁၇၆,၁၃၁.၇ | ၀.၂ | ၁.၆ |
| ၃ | ကရင်ပြည်နယ် | ၁,၈၃၈,၀၁၂.၆ | ၁.၉ | ၂.၉ | ၁,၈၇၅,၆၀၉.၁ | ၁.၉ | ၂.၀ |
| ၄ | ချင်းပြည်နယ် | ၂၀၀,၁၂၆.၅ | ၀.၂ | -၅.၉ | ၂၀၁,၁၈၀.၇ | ၀.၂ | ၀.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၁၅၆,၉၁၁.၉ | ၁၀.၅ | ၁.၇ | ၁၀,၃၂၆,၄၄၂.၁ | ၁၀.၄ | ၁.၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၉၉၈,၄၈၃.၈ | ၄.၁ | ၁.၈ | ၄,၀၃၈,၅၉၅.၇ | ၄.၀ | ၁.၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၉,၁၈၅,၄၈၀.၆ | ၉.၅ | ၄.၅ | ၉,၄၄၃,၈၄၆.၉ | ၉.၅ | ၂.၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၄၃၂,၃၄၁.၁ | ၇.၇ | ၄.၇ | ၇,၇၃၅,၅၃၁.၆ | ၇.၈ | ၄.၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၇၅၇,၀၇၄.၂ | ၁၀.၁ | ၄.၇ | ၁၀,၀၇၆,၆၀၃.၅ | ၁၀.၁ | ၃.၃ |
| ၁၀ | မွန်ပြည်နယ် | ၄,၂၇၃,၆၄၁.၁ | ၄.၄ | ၄.၆ | ၄,၃၈၆,၇၉၅.၀ | ၄.၄ | ၂.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၆၃၄,၅၉၆.၆ | ၂.၇ | -၂၃.၁ | ၂,၆၄၆,၃၉၀.၁ | ၂.၆ | ၀.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၅,၈၀၇,၈၁၈.၅ | ၂၆.၇ | ၇.၃ | ၂၆,၉၂၆,၃၉၆.၂ | ၂၇.၀ | ၄.၃ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၃၂၇,၂၈၄.၈ | ၅.၅ | -၄.၆ | ၅,၄၃၆,၅၈၈.၄ | ၅.၅ | ၂.၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၁,၈၁၂,၈၉၃.၈ | ၁၂.၂ | ၂.၃ | ၁၂,၀၇၁,၆၂၅.၀ | ၁၂.၁ | ၂.၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၄၁၃,၇၃၅.၉ | ၂.၅ | ၅.၇ | ၂,၅၀၇,၆၈၇.၃ | ၂.၅ | ၃.၉ |

ဇယား-၄

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၄၀,၁၅၂,၃၄၆.၈** | **၂၅.၀** | **၄၂,၈၃၂,၇၂၁.၁** | **၂၅.၀** | **၆.၇** |
| | ၁ | လယ်ယာ | ၂၇,၄၀၄,၆၄၈.၀ | ၁၇.၀ | ၂၉,၂၂၆,၈၆၄.၅ | ၁၇.၀ | ၆.၆ |
| | ၂ | သားငါး | ၁၂,၆၇၄,၈၂၉.၅ | ၇.၉ | ၁၃,၅၂၄,၀၃၃.၉ | ၇.၉ | ၆.၇ |
| | ၃ | သစ်တော | ၇၂,၈၆၉.၃ | ၀.၁ | ၈၁,၈၂၂.၇ | ၀.၁ | ၁၂.၃ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၅၈,၃၇၃,၆၄၇.၀** | **၃၆.၃** | **၆၂,၁၈၅,၇၀၃.၈** | **၃၆.၂** | **၆.၅** |
| | ၁ | စွမ်းအင် | ၄,၈၉၉,၂၆၃.၅ | ၃.၀ | ၄,၇၄၃,၇၁၀.၂ | ၂.၇ | -၃.၂ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၂၃၄,၉၇၈.၅ | ၀.၇ | ၁,၃၅၆,၀၉၁.၉ | ၀.၈ | ၉.၈ |
| | ၃ | စက်မှုလက်မှု | ၄၀,၄၄၆,၂၈၀.၅ | ၂၅.၂ | ၄၃,၃၅၆,၄၆၂.၃ | ၂၅.၃ | ၇.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂,၃၅၆,၆၈၄.၃ | ၁.၅ | ၂,၆၄၁,၈၈၄.၈ | ၁.၅ | ၁၂.၁ |
| | ၅ | ဆောက်လုပ်မှု | ၉,၄၃၆,၄၄၀.၂ | ၅.၉ | ၁၀,၀၈၇,၅၅၄.၆ | ၅.၉ | ၆.၉ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၆၂,၁၂၈,၈၃၂.၈** | **၃၈.၇** | **၆၆,၄၇၉,၇၀၀.၃** | **၃၈.၈** | **၇.၀** |
| | ၁ | ပို့ဆောင်ရေး | ၁၆,၂၉၁,၃၁၄.၁ | ၁၀.၁ | ၁၇,၅၉၀,၀၅၅.၃ | ၁၀.၂ | ၈.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၉၀၆,၅၀၀.၁ | ၁.၈ | ၃,၀၅၄,၄၇၈.၉ | ၁.၈ | ၅.၁ |
| | ၃ | ငွေရေးကြေးရေး | ၄၉၃,၅၂၂.၇ | ၀.၃ | ၅၃၃,၃၂၄.၆ | ၀.၃ | ၈.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄,၇၇၃,၁၇၂.၇ | ၃.၀ | ၄,၉၃၅,၁၉၁.၅ | ၂.၉ | ၃.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၅,၀၈၇,၂၀၇.၁ | ၃.၂ | ၅,၄၇၀,၈၇၇.၄ | ၃.၂ | ၇.၅ |
| | ၆ | ကုန်သွယ်မှု | ၃၂,၅၇၇,၁၁၆.၁ | ၂၀.၃ | ၃၄,၈၉၅,၇၇၂.၆ | ၂၀.၄ | ၇.၁ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၆၀,၆၅၄,၈၂၆.၆** | **၁၀၀.၀** | **၁၇၁,၄၉၈,၁၂၅.၂** | **၁၀၀.၀** | **၆.၇** |

ဇယား-၅

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၉၈,၁၂၅,၉၉၃.၈** | **၆၁.၃** | **၁၀၅,၀၁၈,၄၂၄.၉** | **၆၁.၂** | **၆.၆** |
| | ၁ | လယ်ယာ | ၂၇,၄၀၄,၆၄၈.၀ | ၁၇.၀ | ၂၉,၂၂၆,၈၆၄.၅ | ၁၇.၀ | ၆.၆ |
| | ၂ | သားငါး | ၁၂,၆၇၄,၈၂၉.၅ | ၇.၉ | ၁၃,၅၂၄,၀၃၃.၉ | ၇.၉ | ၆.၇ |
| | ၃ | သစ်တော | ၇၂,၈၆၉.၃ | ၀.၁ | ၈၁,၈၂၂.၇ | ၀.၁ | ၁၂.၃ |
| | ၄ | စွမ်းအင် | ၄,၈၉၉,၂၆၃.၅ | ၃.၀ | ၄,၇၄၃,၇၁၀.၂ | ၂.၇ | -၃.၂ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၂၃၄,၉၇၈.၅ | ၀.၇ | ၁,၃၅၆,၀၉၁.၉ | ၀.၈ | ၉.၈ |
| | ၆ | စက်မှုလက်မှု | ၄၀,၄၄၆,၂၈၀.၅ | ၂၅.၂ | ၄၃,၃၅၆,၄၆၂.၃ | ၂၅.၃ | ၇.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂,၃၅၆,၆၈၄.၃ | ၁.၅ | ၂,၆၄၁,၈၈၄.၈ | ၁.၅ | ၁၂.၁ |
| | ၈ | ဆောက်လုပ်မှု | ၉,၄၃၆,၄၄၀.၂ | ၅.၉ | ၁၀,၀၈၇,၅၅၄.၆ | ၅.၉ | ၆.၉ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၉,၅၅၁,၇၁၆.၇** | **၁၈.၄** | **၃၁,၅၈၃,၉၂၇.၇** | **၁၈.၄** | **၆.၉** |
| | ၁ | ပို့ဆောင်ရေး | ၁၆,၂၉၁,၃၁၄.၁ | ၁၀.၁ | ၁၇,၅၉၀,၀၅၅.၃ | ၁၀.၂ | ၈.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၉၀၆,၅၀၀.၁ | ၁.၈ | ၃,၀၅၄,၄၇၈.၉ | ၁.၈ | ၅.၁ |
| | ၃ | ငွေရေးကြေးရေး | ၄၉၃,၅၂၂.၇ | ၀.၃ | ၅၃၃,၃၂၄.၆ | ၀.၃ | ၈.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄,၇၇၃,၁၇၂.၇ | ၃.၀ | ၄,၉၃၅,၁၉၁.၅ | ၂.၉ | ၃.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၅,၀၈၇,၂၀၇.၁ | ၃.၂ | ၅,၄၇၀,၈၇၇.၄ | ၃.၂ | ၇.၅ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၃၂,၅၇၇,၁၁၆.၁** | **၂၀.၃** | **၃၄,၈၉၅,၇၇၂.၆** | **၂၀.၄** | **၇.၁** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၆၀,၆၅၄,၈၂၆.၆** | **၁၀၀.၀** | **၁၇၁,၄၉၈,၁၂၅.၂** | **၁၀၀.၀** | **၆.၇** |

ဇယား-၆

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၂,၈၆၁,၄၀၄.၁ | ၁.၈ | ၃,၀၁၄,၃၂၀.၀ | ၁.၈ | ၅.၃ |
| ၂ | ကယားပြည်နယ် | ၃၂၈,၂၇၅.၇ | ၀.၂ | ၃၄၇,၉၅၆.၄ | ၀.၂ | ၅.၇ |
| ၃ | ကရင်ပြည်နယ် | ၃,၀၇၃,၄၄၈.၃ | ၁.၉ | ၃,၂၃၄,၈၂၃.၈ | ၁.၉ | ၅.၃ |
| ၄ | ချင်းပြည်နယ် | ၃၃၂,၉၉၄.၅ | ၀.၂ | ၃၄၆,၀၂၃.၈ | ၀.၂ | ၃.၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၇,၄၃၁,၈၅၉.၁ | ၁၀.၈ | ၁၈,၅၅၈,၅၆၅.၂ | ၁၀.၈ | ၆.၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆,၅၃၂,၅၅၅.၆ | ၄.၁ | ၆,၉၁၄,၆၅၃.၀ | ၄.၀ | ၅.၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁၅,၈၈၀,၅၇၁.၀ | ၉.၉ | ၁၆,၉၇၅,၀၅၂.၇ | ၉.၉ | ၆.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၁,၈၂၁,၂၂၁.၃ | ၇.၄ | ၁၂,၆၆၁,၀၆၀.၁ | ၇.၄ | ၇.၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၅,၃၇၅,၄၅၇.၀ | ၉.၆ | ၁၆,၄၆၂,၁၂၃.၉ | ၉.၆ | ၇.၁ |
| ၁၀ | မွန်ပြည်နယ် | ၆,၇၀၀,၁၄၈.၆ | ၄.၂ | ၇,၁၄၅,၁၇၅.၉ | ၄.၂ | ၆.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၄,၈၇၉,၁၂၄.၆ | ၃.၀ | ၅,၀၆၉,၀၄၂.၉ | ၂.၉ | ၃.၉ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၂,၄၉၀,၅၅၈.၀ | ၂၆.၄ | ၄၅,၉၄၃,၀၀၃.၀ | ၂၆.၈ | ၈.၁ |
| ၁၃ | ရှမ်းပြည်နယ် | ၉,၇၃၆,၆၂၇.၈ | ၆.၁ | ၁၀,၃၀၂,၈၆၆.၉ | ၆.၀ | ၅.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၉,၆၈၆,၈၀၂.၇ | ၁၂.၂ | ၂၀,၇၉၇,၃၂၃.၃ | ၁၂.၁ | ၅.၆ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၃,၅၂၂,၇၆၈.၃ | ၂.၂ | ၃,၇၂၆,၁၂၄.၃ | ၂.၂ | ၅.၈ |

# ၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၆ / ၂၀၂၅)**
၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ** ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။
(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကိုဆိုသည်။
(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စု အစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။
(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။
(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကိုကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း (၂)**
**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

**အခန်း (၃)**
**အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့် စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဤဥပဒေပါ အခွန်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။
(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အခွန်အကောက်ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အစီရင်ခံတင်ပြရမည်။

**အခန်း (၄)**
**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာသိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များမှ ရယူနိုင်သည်။

**အခန်း (၅)**
**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

**အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများ**

(က) အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည် -
(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီ က ဈေးကွက်ပေါက်ဈေးအပေါ်အခြေပြု၍ ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း၊
(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊
ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီ ဖြစ်စေရေး ဆောင်ရွက်ပေးရမည်။
(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၀ ကျပ်အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၄ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် ၁၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၇ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၁၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၃၀ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၂ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၀၀ ကျပ်မှ ကျပ် ၂၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၁ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၂၀၁ ကျပ်မှ ကျပ် ၄၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၈၆ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၂၀၁ ကျပ်မှ ကျပ် ၆၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၇၂ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၆၆၀၁ ကျပ်မှ ကျပ် ၈၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၄၆ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၈၈၀၁ ကျပ်မှ ကျပ် ၁၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၃၈ ကျပ် |

*(ဆက်လက်ဖော်ပြပါမည်)*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး
# ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် ဌာနပိုင်အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် ကယ်ဆယ်ရေးစခန်းများကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်ရှိ မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် လေကြောင်းထိန်းမျှော်စင်၊ ခရီးသည် အဆောက်အအုံနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဌာနပိုင်ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းနေအိမ်များ၏ ပျက်စီးမှုအခြေအနေများ၊ ဝန်ထမ်းများအား ယာယီရွှေ့ပြောင်း နေရာချထား သည့် နေရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့က နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့သွားရောက်၍ မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လေကြောင်းထိန်းမျှော်စင် နေရာအား စစ်ဆေး၍ လေယာဉ်များအန္တရာယ် ကင်းစွာဖြင့် ဆင်း/တက်နိုင်ရေး လတ်တလော အစီအစဉ်နှင့်ပတ်သက်ပြီး ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လိုအပ်ချက်များအား မှာကြားခြင်း၊ ခရီးသည်အဆောက်အအုံ အမြန်ဆုံးလုပ်ငန်းပြန်လည် ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၏ ရုံးအဆောက်အအုံသို့ရောက်ရှိပြီး အဆောက်အအုံ ပျက်စီးမှု၊ ၎င်း၌တပ်ဆင်ထားသည့် စက်ပစ္စည်း ကိရိယာများအား စက်ယန္တရားများအသုံးပြု၍ ပြောင်းရွှေ့သယ်ယူခြင်းကို ဌာနဝန်ထမ်းများနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးပြီးနောက် အရေးကြီးသည့် စက်ပစ္စည်းများဖြစ်သောကြောင့် ထိခိုက်မှုမရှိစေရေး စနစ်တကျ ဆောင်ရွက်ရန်မှာကြားကာ ပူးပေါင်းကူညီဆောင်ရွက်ပေးနေသည့် တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား အားပေးနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော်ဘူတာကြီး၌ ယာယီစခန်းချ စီစဉ်ပေးထားသည့်နေရာသို့ ရောက်ရှိလာပြီး ငလျင်ဒဏ်သင့် မြန်မာ့မီးရထားဝန်ထမ်း မိသားစုများအတွက် နေရာထိုင်ခင်း၊ စားသောက်ရေး၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေး စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းမိသားစုများအား အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရွာတော်) ရုံး၌ ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများအတွက် ယာယီစခန်းနေရာချထားမှု၊ စားသောက်ရေး အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များအား ထပ်မံမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထိုမှတစ်ဆင့် ဝန်ကြီးဌာန၏ ဝန်ကြီးရုံး ၊ ရုံးအမှတ်(၂၉)၊ ရုံးအမှတ်(၂)နှင့် ရုံးအမှတ်(၅)တို့သို့ သွားရောက်၍ အဆောက်အအုံများ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုအခြေအနေ၊ လျှပ်စစ်မီးနှင့် ရေလိုင်းများ ပျက်စီးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးလျက် ဝန်ကြီးဌာနတစ်ခုလုံး၏ အဆောက်အအုံများ၊ ရေလိုင်း၊ မီးလိုင်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်အသုံးပြုနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများအား အဖွဲ့များဖွဲ့စည်းတာဝန်ပေးစစ်ဆေးစေပြီး ထိရောက်အောင် သုံးသပ်ဆောင်ရွက်နိုင်ရေး အလေးထားမှာကြားသည်။

ယင်းနောက် ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နေပြည်တော် (ဒက္ခိဏ)ရုံးသို့ရောက်ရှိပြီး ငလျင်ဒဏ်သင့်ရသည့် ဝန်ထမ်းမိသားစုများ ယာယီနေရာချထားမှုအခြေအနေကိုကြည့်ရှု၍ အားပေးစကား ပြောကြားခြင်း၊ သတင်းအချက်အလက်ဗဟိုရုံး(Data Center)၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ကယ်ဆယ်ရေးစခန်းများဖြစ်သည့် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်း၌ မြန်မာ့မီးရထားဝန်ထမ်းမိသားစုများအား ယာယီနေရာချထားမှုအခြေအနေကို ကြည့်ရှု၍ အားပေးစကားပြောကြားသည်။ ထို့နောက် လေးကျွန်းမဏ္ဍိုင်ကျောင်း၌ ယာယီနေရာချထားပေးသည့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဝန်ထမ်းမိသားစုများအားတွေ့ဆုံ၍ စားသောက်ရေး၊ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှု



**နေပြည်တော် မတ် ၃၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၃၀ ရက်က မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် နေပြည်တော်ရှိ ဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကာ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ ကံ့ကော်အိမ်ရာနှင့် ပိတောက်အိမ်ရာတို့သို့ သွားရောက်၍ မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာ အဆောက်အအုံများအား ကြည့်ရှု၍ ဝန်ထမ်းများအား နိုင်ငံတော်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ ဝန်ထမ်းများအတွက် ဝန်ကြီးဌာန အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်ဘူးနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သပြေအပျိုဆောင်နှင့် သရဖီ(ဘူးကွဲ) အိမ်ရာတို့သို့ လှည့်လည်၍ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးမှုနှင့် ဝန်ထမ်းများ နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး အခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်ဘူးများ၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား သင်တန်းကျောင်းသို့ သွားရောက်၍ အဆိုပါ သင်တန်းကျောင်း၌ ယာယီရွှေ့ပြောင်းရောက်ရှိနေသည့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းအချင်းချင်း အပြန်အလှန် အားပေးကူညီဆောင်ရွက်ရေးနှင့် ကျန်းမာရေးကောင်းမွန်ရန် ဂရုပြုနေထိုင်ရေး မှာကြားကာ ဝန်ကြီးဌာနအလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်ဘူးများ၊ အဝတ်အထည်များ၊ ဆိုလာမီးအိမ်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဝန်ထမ်းများအား အားပေးစကားပြောကြား

**နေပြည်တော် မတ် ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်သည် တားဆီး၍ မရနိုင်သည့်အတွက် ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ရန်မလိုဘဲ အားတင်းရင်ဆိုင် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ လိုအပ်ချက်ဖြစ်သည့် ဆန်၊ ဆီ၊ သောက်သုံးရေရရှိရေး၊ နေရာထိုင်ခင်း အဆင်ပြေမှုရှိစေရေး တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးဇေယျာဆွေ၊ မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ကော်မတီ၏ အထောက်အကူပြုအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးမင်းမင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးစီးအရာရှိ ဒေါ်ခင်မြမူတို့က ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းတစ်ဦးလျှင် ဆန် ၁၂ ပြည်နှင့် ဆီ ၅ဝ ကျပ်သား ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ဝ ကို ပေးအပ်ကြောင်းနှင့် ငလျင်ဒဏ်သင့် အဆောက်အအုံများ ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းအိမ်ရာများ၊ ယာယီပြောင်းရွှေ့နေရာချထားပေးသည့် နေရာများသို့သွားရောက်၍ ဝန်ထမ်းမိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြား

**နေပြည်တော် မတ် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် မတ် ၂၈ ရက်တွင် မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၂၀ ကီလိုမီတာခန့်အကွာကို ဗဟိုပြု၍ မဂ္ဂနီကျူ ၇ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးများမှ ဝန်ထမ်းမိသားစုများအား မတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် သွားရောက်တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။(ယာပုံ)

ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် နေထိုင်ရန် အခက်အခဲရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများအတွက် ယာယီပြောင်းရွှေ့နေရာချထားသည့် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းရေအားလျှပ်စစ်ဝင်းသို့ သွားရောက်၍ နေရာချထားမှုအစီအစဉ်များကြည့်ရှုခြင်း၊ ဝန်ထမ်းမိသားစုဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားခြင်းနှင့် ကျိုင်းတောင်းဆောင်၊ နန်းချိုဆောင်၊ ရွှေလီဆောင်ရှိ ဝန်ထမ်းများ နေထိုင်မှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များမှာကြားသည်။ ဆက်လက်၍ ဥတ္တရသီရိမြို့နယ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နေပြည်တော်ဗဟိုသင်တန်းကျောင်းသို့ သွားရောက်ကာ ယာယီပြောင်းရွှေ့နေရာချထားသည့် ဝန်ထမ်းများနှင့်၎င်းတို့၏ မိသားစုဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပြီး သင်တန်းသား စာသင်ဆောင်နှင့် အိပ်ဆောင်နေရာများရှိ နေရာချထားမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့သည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စွမ်းအင်ဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ ဝန်ထမ်းအိမ်ရာအတွင်း ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုအခြေအနေများ၊ ရေသုံးစွဲနိုင်ရေး စီစဉ်ထားရှိမှုအခြေအနေများ၊ ဝန်ထမ်းမိသားစုဝင်များအတွက် ယာယီဆေးခန်းဖွင့်လှစ်ပေးထားမှု အခြေအနေများနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ အိမ်ထောင်စု ၄၈ စုအတွက် ယာယီစခန်း(၁) ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုကာ ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် အိမ်ထောင်စု ၁၀၀ အတွက် ဇမ္ဗူသီရိမြို့နယ်ရှိ ယာယီစခန်း(၂) လျာထားမြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ကံ့ကော်အိမ်ရာရှိ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများအား သွားရောက်တွေ့ဆုံကာ ဝန်ထမ်းအိမ်ရာပျက်စီးဆုံးရှုံးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများပေးအပ်၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်ရှိ မြေငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းနှင့်မိသားစုဝင်များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၃၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြေငလျင်ဘေးဒဏ် ခံစားခဲ့ရသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား သွားရောက်ကြည့်ရှုအားပေးသည်။



မတ် ၂၈ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြေငလျင်ဒဏ်ခံစားခဲ့ရသော ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်သည့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ အိမ်ရာများ ထိခိုက်ပျက်စီးမှု အခြေအနေနှင့် လတ်တလောနေထိုင်မှုအခြေအနေများကို ကြည့်ရှု၍ သောက်ရေသန့်နှင့်စားသောက်စရာများ ပေးအပ်ကာ အားပေးစကားများ ပြောကြားပြီး မတ် ၂၉ ရက် တွင် မြေငလျင်ဒဏ်ထိခိုက်ခံစားရမှုနှင့် စပ်လျဉ်း၍ လမ်းညွှန်ချက်များနှင့်အညီ ဌာနတွင်းအစည်းအဝေးများ ဆောင်ရွက်ခဲ့ပြီး ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှု၊ ထိခိုက်ဒဏ်ရာရရှိသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ထိထိရောက်ရောက် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအခြေအနေ၊ ဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီမှုနှင့် ပြန်လည်နေရာချထားရေး ဆောင်ရွက်ပေးမှု အစီအစဉ်များအား ရှင်းလင်း၍ လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ပေးနိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်က အမြဲမပြတ် သွားရောက်ကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် မှာကြားသည်။ ညနေပိုင်းတွင် ဝန်ထမ်းများ၏ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေတို့ကို စနစ်တကျစိစစ်၍ စာရင်းဇယားများ ပြုစုကာ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများအတွက် နေ့လယ်စာ၊ ညနေစာနှင့် သောက်သုံးရေများကို နေရပ်များအထိ သွားရောက်ဖြန့်ဝေပေးပို့သည်။

အလားတူပင် ယမန်နေ့က ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများထံသို့ သွားရောက်၍ အကျပ်အတည်း အခက်အခဲများ ပြေလည်စေရန် ထောက်ပံ့ကြေးများပေးအပ်ပြီး ယနေ့တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းမိသားစုများထံသို့ ထပ်မံသွားရောက်၍ လက်ရှိနေထိုင်မှု အခြေအနေ၊ ကျန်းမာရေးအခြေအနေနှင့် အခက်အခဲများအား မေးမြန်း၍ အားပေးစကားများ ပြောကြားခဲ့ပြီး လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ သတင်းပို့ဆောင်ရွက်ရန် မှာကြားခဲ့ပြီးနောက် ခေါင်းအုံး၊ စောင်၊ သောက်ရေသန့်ဘူးများနှင့် အခြားလိုအပ်သည့် အရေးပေါ်သုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ဝန်ထမ်းများရေရရှိရေးနှင့် ပြောင်းရွှေ့နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ ညနေပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်နှင့် ပညာသိဒ္ဓိရပ်ကွက်တို့ရှိ ဝန်ထမ်းအိမ်ရာများသို့ ရောက်ရှိပြီး ဝန်ထမ်းများအတွက် သက်ဆိုင်ရာဌာနများအလိုက် ရေရရှိရေး ဆောင်ရွက်ပေးနေမှု၊ ယာယီသန့်စင်ခန်း ဆောက်လုပ်ပေးနေမှု၊ ဝန်ထမ်းများ ဘေးလွတ်ရာတွင် နေထိုင်နေမှုနှင့် အချို့ဝန်ထမ်းများအား နေပြည်တော် ပုံနှိပ်စက်ရုံနှင့် သတင်းစာတိုက်သို့ ပြောင်းရွှေ့နေမှု၊ နီးစပ်ရာများသို့ ပြောင်းရွှေ့နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်သင့်နေရာများအား လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးများမှ မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းမိသားစုများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့သည် တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် နေထိုင်ရန် အခက်အခဲရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစုဝင်များအတွက် ယာယီပြောင်းရွှေ့နေရာချထားသည့် ပေါင်းလောင်းဝင်းနှင့် နေပြည်တော်ခေတ်အားခွဲရုံ၊ သင်တန်းဆောင်နေရာများ၊ စွမ်းအင်ဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစုဝင်များအတွက် ယာယီပြောင်းရွှေ့ထားရှိသည့် နေရာများနှင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ကံ့ကော်အိမ်ရာတွင် နေထိုင်ကြသည့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းမိသားစုများအား သွားရောက်တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားပြောကြားပြီး(ယာပုံ) ဝန်ထမ်းများ စားသောက်နေထိုင်ရေးအတွက် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒုတိယဝန်ကြီးများ ငလျင်ဒဏ်သင့်ရုံးများနှင့် ဝန်ထမ်းတိုက်ခန်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေး

**နေပြည်တော် မတ် ၃၁**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒုတိယဝန်ကြီးများသည် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဝန်ကြီးဌာန ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၂၈ ရက် မွန်းလွဲပိုင်းက သွားရောက်ခဲ့ပြီး မြေညီထပ်ပြိုကျသည့် ဝန်ထမ်းအိမ်ရာ တိုက်ရှစ်တိုက်တွင် ပိတ်မိနေသည့် ဝန်ထမ်း မိသားစုဝင်များအား ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ကျန်တိုက်ခန်းများ၏ ပျက်စီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအတွက် နေထိုင်စားသောက်မှုနှင့် သောက်သုံးရေရရှိမှုတို့ကို စီစဉ်ဆောင်ရွက်ပေးသည်။



### ကြည့်ရှုစစ်ဆေး

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ရုံးအမှတ် (၂၆) ၌ အစည်းအဝေးပြုလုပ်ပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဝန်ကြီးဌာန ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းတိုက်ခန်းများ၏ ပျက်စီးမှုအခြေအနေများအား ဓာတ်ပုံမှတ်တမ်းများထားရှိရန်၊ အန္တရာယ်ရှိသည့် အခန်းများအား လုံးဝမသုံးစွဲရန်၊ အပျက်အစီးများအား ဂရုတစိုက်ရှင်းလင်းဖယ်ရှားရန်၊ ရုံးခန်းဖွင့်လှစ်နိုင်မည့်နေရာများ စီစဉ်ထားရန်၊ ဝန်ထမ်းများအား ဌာနအလိုက် နေထိုင်စားသောက်မှု ကိစ္စများအား အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးရန် မှာကြားခဲ့ပြီး ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများက ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဝန်ကြီးဌာန ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကာ ဝန်ထမ်းမိသားစုများ၏ စားဝတ်နေရေးနှင့် သောက်သုံးရေရရှိမှု စီစဉ်ဆောင်ရွက်ပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ် စီစဉ်ဆောင်ရွက်ပေးသည်။

### လမ်းညွှန်မှာကြား

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဝန်ထမ်းအိမ်ရာများသို့သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝန်ထမ်း မိသားစုများအတွက် နေထိုင်စားသောက်ရေးကိစ္စများ ဆောင်ရွက်ပေးနေမှုနှင့် သောက်သုံးရေရရှိမှု စီစဉ်ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက် ပေးခဲ့သည်။ ထို့နောက် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဝန်ကြီးဌာနရုံး အဆောက်အအုံများသို့ သွားရောက်ပြီး ရုံးခန်းများ ပျက်စီးမှုအခြေအနေများ၊ ရုံးခန်းဖွင့်လှစ်နိုင်မှုအခြေအနေများ၊ လိုအပ်သည့် ရုံးအသုံးအဆောင်များနှင့် မီးစက်များ ကြိုတင်ပြင်ထားရန်၊ ဌာနအကြီးအကဲများအနေဖြင့် မိမိတို့ဌာနအလိုက် ဝန်ထမ်းအိမ်ရာများနှင့် ယာယီရွှေ့ပြောင်း နေထိုင်သည့် နေရာများသို့ သွားရောက်ကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ချက်များအား မှတ်တမ်းများပြုစုပြီး စနစ်တကျထားရှိရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ငလျင်ဒဏ်သင့်ဝန်ထမ်းများ ယာယီနေထိုင်ရေးနှင့် စားသောက်ရေးကိစ္စများ ဆောင်ရွက်ပေး

**နေပြည်တော် မတ် ၃၁**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် ယနေ့တွင် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ တာဝန်ရှိသူများနှင့်အတူ အင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာ ပျက်စီးမှုများ၊ ပစ္စည်းများ ယာယီတည်းခိုရေးစခန်းများသို့ ရွှေ့ပြောင်းနေမှုများ၊ အဆိုပါ စခန်းများတွင် ဝန်ထမ်းများ ယာယီတည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမှုများအား လှည့်လည်စစ်ဆေးကြည့်ရှုခဲ့ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍(ဝဲပုံ) အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ယာယီတည်းခိုရေးစခန်းများအဖြစ် Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (နေပြည်တော်)တို့တွင် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

### ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မြေငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုများအား နှစ်သိမ့်အားပေးစကားပြောကြား



**နေပြည်တော် မတ် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် မတ် ၂၈ ရက်က လှုပ်ခတ်သွားသော မြေငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ရုံးအမှတ်(၄၂) နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဝန်ထမ်းအိမ်ရာများသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၉ ရက်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုံးအမှတ် (၄၂) နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးပတ်ဝန်းကျင်၌ ပျက်စီးဆုံးရှုံးမှုများ၊ ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများအား သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်၊ ထူးခြားဖြစ်စဉ်များကို သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား အားပေးစကားများ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့တွင် ရုံးအမှတ် (၄၂) နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားသော သဘာဝဘေးယာယီကယ်ဆယ်ရေးစခန်း၌ တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နေထိုင်စားသောက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး ယာယီကယ်ဆယ်ရေးစခန်းရှိ ဝန်ထမ်းမိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ကာ ရုံးခန်းများနှင့် ရုံးဝင်းအတွင်း သန့်ရှင်းသပ်ရပ်အောင် ပြန်လည်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းအိမ်ရာများ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအား ကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များ၏ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။(ဓါတ်ပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းအိမ်ရာများ၌ ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များကို ရုံးအမှတ် (၄၂) နယ်စပ်ရေးရာဝန်ကြီးဌာန၌ ယာယီဖွင့်လှစ်ထားရှိသည့် သဘာဝဘေးယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

## ငလျင်ဒဏ်ခံစားရသည့် ဝန်ထမ်းများနေထိုင်သောတိုက်ခန်းများနှင့်အဆောင်များသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၃၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုသည် ယမန်နေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများ နေထိုင်သည့် ကံ့ကော်အိမ်ရာ တိုက်အမှတ် ၂၅၀ နှင့် ၂၅၄၊ ပိတောက်အိမ်ရာ တိုက်အမှတ် ၆၀၂၊ သဇင် ၃ အဆောင် ၂၅၊ သဇင် ၅ အဆောင် ၇ နှင့် ၁၃၊ သပြေ ၄ အဆောင် ၂၀ များသို့ သွားရောက်၍ ဝန်ထမ်းများနှင့် မိသားစုများ ထိခိုက်မှု ရှိ/မရှိနှင့် နေထိုင်စားသောက်မှု အခြေအနေ၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

ထို့နောက် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အားလုံးအတွက် ထမင်း၊ သောက်ရေသန့်များ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် **(ယာပုံ)** ထမင်းနှင့် စားသောက် ဖွယ်ရာများကို ဆက်လက်ထောက်ပံ့ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေး

**နေပြည်တော် မတ် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မတ် ၂၉ ရက်၊ ၃၀ ရက်နှင့် ယနေ့တို့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေး၍ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ နေထိုင်စားသောက်ရေးနှင့် လိုအပ်မှုများအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ငလျင်ဒဏ်သင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မတ် ၃၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မှီခိုသူများ နေထိုင်ရာ ဝန်ထမ်းအိမ်ရာ တိုက်ခန်းများသို့ မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ဝန်ထမ်းများနှင့် မိသားစုဝင်များအား သွားရောက်ကြည့်ရှု နှစ်သိမ့်အားပေးခဲ့ပြီး အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ နံနက်စာနှင့် ညနေစာများအတွက် ချက်ပြုတ် ကျွေးမွေးခြင်း၊ သောက်ရေနှင့်သုံးရေ လိုအပ်ချက်အတွက် ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း ဝန်ထမ်းအိမ်ရာ တိုက်ခန်းများရှိ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ သောက်ရေနှင့်သုံးရေလိုအပ်ချက်အတွက် ဖြည့်ဆည်းပေးခြင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့် ခေတ္တပြောင်းရွှေ့မည့်နေရာသို့ ပစ္စည်းများ ပြောင်းရွှေ့ပေးခြင်းတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။
ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။

# ပြည်တွင်းအထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှကယ်ဆယ်ရေးအဖွဲ့များ နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်မြို့နယ်များ၌ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၃၁

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်က အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကာ ပြည်သူအချို့ အသက်သေဆုံး၍ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် ယနေ့တွင် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ ထပ်မံရောက်ရှိပြီး ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အလိုက် လိုက်လံဆောင်ရွက်လျက်ရှိသည်။



ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်ရုံး ရှာဖွေကယ်ဆယ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့များ ငလျင်ဘေးဒဏ်သင့်အဆောက်အအုံများကို စစ်ဆေးရေးလုပ်ငန်းများ လိုက်လံညွှန်ကြားဆောင်ရွက်စဉ်။

ယနေ့တွင်လည်း နံနက်ပိုင်းမှစတင်၍ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်ပနိုင်ငံများမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေး ဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်မြို့နယ်၊ ရပ်ကွက်များသို့သွားရောက်၍ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းအထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ စင်ကာပူနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့် ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်ရုံး ရှာဖွေကယ်ဆယ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့များသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ခဲ့မှုကြောင့် ဆုံးရှုံးပျက်စီးမှုများပြားခဲ့ရသည့် ဝန်ထမ်းအိမ်ရာများသို့ ကွင်းဆင်းကာ အသက်ရှင်သည်ဟု ယူဆရသည့်သူများ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသက်သေဆုံးခဲ့ကြသူများ၏ ရုပ်အလောင်းများကို သက်ဆိုင်ရာမြို့နယ်အလိုက် ဆေးရုံများသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများတွင် ကယ်ဆယ်ရာ၌ အရေးကြီးပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ အနံ့ခံခွေးများဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဖြင့် လိုက်လံဆောင်ရွက်ကြသည့်အပြင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးပြီး ပိတ်မိနေသည့် အခန်းများမှ မိသားစုဝင်များအနေဖြင့်လည်း လာရောက်၍ ကူညီကယ်ဆယ်ပေးရန် ကူညီတောင်းခံမှုများကိုလည်း လိုက်လံကြည့်ရှုရှာဖွေဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်အတွင်း ငလျင်ဘေးဒဏ်ခံခဲ့ကြရသည့် ပြည်သူများနှင့် ဝန်ထမ်းများကို စေတနာရှင်ပြည်သူများ၊ အသင်းအဖွဲ့များက စားသောက်ကုန်များ၊ ရေသန့်ဘူးများ၊ အရေးပေါ်သုံးစွဲနိုင်ရန် ထောက်ပံ့ငွေများ၊ အဝတ်အထည်များ၊ ဆေးဝါးများလှူဒါန်းကြသည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယာယီမိုးကာတဲများ၊ ရွေ့လျားရေသန့် မော်တော်ယာဉ်များ၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စဖြေရှင်းနိုင်ရေး ယာယီရေကန်များ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ငလျင်ဒဏ်ခံစားခဲ့ကြသည့် ပြည်သူများနှင့် ဝန်ထမ်းများ သက်သာချောင်ချိစွာ စားသောက်နိုင်ရန် ရည်ရွယ်၍ ယနေ့တွင် ဇမ္ဗူသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များသို့ ရွေ့လျားအရောင်းမော်တော်ယာဉ်များဖြင့် ငါးများကို ဈေးနှုန်းချိုသာစွာ လိုက်လံရောင်းချပေးခဲ့သည်။

နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များသည်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများသယ်ဆောင်လျက် မြန်မာနိုင်ငံသို့ ထပ်မံရောက်ရှိလာကြပြီး ပြည်တွင်းရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်းကာ အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



စင်ကာပူနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက အနံ့ခံခွေးများဖြင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ကွင်းဆင်းရှာဖွေစဉ်။



ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်ရုံး ရှာဖွေကယ်ဆယ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့များ ငလျင်ဘေးဒဏ်သင့်အဆောက်အအုံများကို စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

# ယူအေအီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ

နေပြည်တော် မတ် ၃၁

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန် စုံစမ်းစစ်ဆေးပြီး အချိန်နှင့် တစ်ပြေးညီ ကူညီကယ်ဆယ်ရေး




လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့် ပြည်သူများအတွက် ယူအေအီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ပါဝင်သော ယူအေအီး တပ်မတော် လေယာဉ်သုံးစင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

**ဆေးဝါးများ ထပ်မံရောက်ရှိ**

အဆိုပါ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များတွင် အဖွဲ့ဝင် ၇၉ ဦး၊ မော်တော်ယာဉ် ၁၅ စီး၊ ကယ်ဆယ်ရေး အထောက်ကူပြုပစ္စည်းနှင့် ထောက်ပံ့ရေးပစ္စည်း ၆၇၆၈၅ ကီလိုဂရမ် ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိချိန်များတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်၍ ငလျင်ဒဏ်သင့်ဒေသများသို့ စောလျင်စွာ သွားရောက်နိုင်ရေး လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ယူအေအီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသည့် အဆောက်အအုံအတွင်းမှ ကိုယ့်အားကိုယ်ကိုး၍ ဖောက်ထွက်လာနိုင်ခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း သတင်းထုတ်ပြန်ခြင်း

နေပြည်တော် မတ် ၃၁

အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်သင့်ဒေသအသီးသီး၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ် ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိစဉ် မန္တလေးမြို့ Sky Villa ကွန်ဒိုပြိုကျမှုမှ မြေးအဘွားသုံးဦး လွတ်မြောက်လာမှုအား ၎င်းတို့၏ ဖခင်ဖြစ်သူ၏ လူမှုကွန်ရက်တွင် ဖော်ပြမှုများအရ သိရှိရပါသည်။

ဖြစ်စဉ်မှာ မန္တလေးမြို့ Sky Villa ကွန်ဒိုအဆောက်အအုံတွင် နေထိုင်လျက်ရှိသည့် အသက် ၇၆ နှစ်အရွယ် အဘွားအိုတစ်ဦး၊ အသက် ၁၆ နှစ်နှင့် အသက် ၁၃ နှစ်အရွယ် မြေးနှစ်ဦးတို့သည် အဆောက်အအုံပြိုကျမှုအတွင်းပိတ်မိကာ အသက်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ကြရသည်။ မြေးနှစ်ဦးတို့သည် ငလျင်ဒဏ်ကြောင့် ပြိုကျလာသော ဖုန်မှုန့်များ၊ ကျောက်တုံးများ၊ အပျက်အစီးများအကြားတွင် ပိတ်မိနေသဖြင့် ဖုန်းများအသုံးပြု၍ Flash Light အကူအညီဖြင့် ထွက်ပေါက်ဖြစ်နိုင်သည့်နေရာများအား လမ်းကြောင်းရှာခြင်း၊ ဖြစ်စဉ်အားမှတ်တမ်းတင်ခြင်း၊ ကူညီကယ်ဆယ်ရေးသမားများ အသံကြားနိုင်ရေး အော်ဟစ်ခေါ်ဆိုခြင်း၊ သေဆုံးနိုင်သည်ဟု ထင်မြင်မိသဖြင့် ဖြစ်ပေါ်ခဲ့သော အခြေအနေများအား ကျန်ရစ်သူမိသားစုဝင်များ တွေ့မြင်နိုင်ရေးအတွက် ဖုန်းဖြင့် မှတ်တမ်းရိုက်ကူးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။



လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးသည့် အဆောက်အအုံအတွင်းမှ မြေးအဘွားသုံးဦးအား ထွက်လာမှုကို တွေ့ရစဉ်။

ထိုသို့ အချိန်အတိုင်းအတာတစ်ခုအထိ အဆက်မပြတ်အော်ဟစ်အကူအညီ တောင်းခံခဲ့ကြစဉ် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကြားသိခဲ့ရသဖြင့် တူများဖြင့် အပေါက်ငယ်တစ်ခုဖောက်ပေးခဲ့ပြီး သောက်ရေပေးအပ်ကာ မကြာမီလာရောက်ကယ်တင်မည်ဟု ပြောကြားခဲ့ကြောင်း၊ ထို့နောက် ကယ်ဆယ်ရေးအဖွဲ့များက ၎င်းတို့အပါအဝင် အခြားပိတ်မိနေသူများအား ကယ်ထုတ်နိုင်ရေး လိုအပ်သည်များ ဆောင်ရွက်လျက်ရှိစဉ် ကလေးငယ်တစ်ဦးသည် ရေဘူးကမ်းပေးသည့် အပေါက်မှ လက်ဖြင့်စမ်းကြည့်ရာ တူတစ်ချောင်းအားတွေ့ရှိသဖြင့် ၎င်းတူဖြင့် ကျောက်တုံးများအား ထုခွဲ၍ တစ်ကိုယ်စာ ထွက်နိုင်သော အပေါက်ကိုဖောက်ခဲ့ပြီး ခေါင်းထွက်၍ရအောင် ကြိုးစားဖောက်နိုင်ခဲ့ကြောင်း၊ ခေါင်းထွက်လာသောအခါ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဝိုင်းဝန်းကြိုးပမ်းမှုဖြင့် ဝိုင်းဝန်းကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထို့နောက် ကယ်ဆယ်ရေးအဖွဲ့များသည် နေရာနှင့်လမ်းကြောင်းကို သိရှိသွားသည့်အတွက် အဘွားဖြစ်သူနှင့် ကျန်ရှိနေသည့် ကလေးငယ်တစ်ဦးအား ဆက်လက်ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ မိမိကိုယ်စွမ်းကိုယ်စဖြင့် ကြိုးစားရုန်းထွက်နိုင်ခဲ့သည့်အတွက် အမျိုးသမီးငယ်များ၏ တစ်ကိုယ်ကောင်းမဆန်ဘဲ သက်ကြီးအဘွားအိုအား ကယ်တင်နိုင်မှု၊ အခက်အခဲများကို တည်ငြိမ်စွာဖြင့် ဖြေရှင်းနိုင်မှု၊ ရဲရင့်မှု၊ ဖြတ်ထိုးဉာဏ်ကောင်းမှု၊ Mobile Phone အား အကျိုးရှိစွာအသုံးချနိုင်မှုတို့ကို အသိအမှတ်ပြုကြောင်းနှင့် ယခုကဲ့သို့ အသက်ဘေးမှ လွတ်မြောက်ခဲ့သည့်အတွက် ဝမ်းမြောက်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## ငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်း




နေပြည်တော် မတ် ၃၁

ငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မလိခ ခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး အလှူရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လှူဒါန်းငွေကျပ် ၁ ဒသမ ၁၅၆ ဘီလီယံကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အခြေခံစာရင်းကိုင်နှင့် စာရင်းစစ် (အမှုထမ်း) သင်တန်းဆင်းပွဲကျင်းပ

မကွေး မတ် ၃၁

မကွေးတိုင်းဒေသကြီး မကွေးမြို့ သမဝါယမဦးစီးဌာန သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပသော အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်(အမှုထမ်း)များ တက်ရောက်သည့် သင်တန်းဆင်းပွဲကို အဆိုပါသင်တန်းကျောင်း၌ ယနေ့နံနက် ၁၁ နာရီက ကျင်းပသည်။

ဦးစွာ အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်(အမှုထမ်း)သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးက အမှာစကားပြောကြားပြီး သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီးဒေါ်စန္ဒာထွန်းက သင်တန်းဖွင့်လှစ်ခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနဦးစီးမှူး ဦးမြင့်ဇော်ထွန်းက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသမဝါယမဦးစီးဌာန၊ သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)က ဖွင့်လှစ်သောအခြေခံစာရင်းကိုင်နှင့် စာရင်းစစ်(အမှုထမ်း)သင်တန်းကို သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)



## နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ကုန်မျိုးစုံများကို သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချ

နေပြည်တော် မတ် ၃၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့်ကုန်မျိုးစုံဈေးကား ခြောက်စီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။



မတ် ၃၀ ရက်၊ ၃၁ ရက်တွင် ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ နေသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီ ဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ ၁၉၂၅ အိတ်၊ ဆီပိဿာ ၃၁၅၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၂၅၀၊ ဆား ၂၅ ကျပ်သားပါအိတ် ၁၄၀၀၊ ငါးပိ ၂၅ ကျပ်သားပါဘူး ၆၃၅ ဘူး၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် အတွင်းရေးမှူး ဦးအေးချမ်းတို့က ငလျင်ဒဏ်ခံပြည်သူများအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ကောင်စီဝင်များ၏ လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးမျိုးမြင့်အောင်ထံသို့ အစိုးရအဖွဲ့ရုံး၌ မတ် ၃၁ ရက်က ပေးအပ်လှူဒါန်းစဉ်။

သတင်းစဉ်

## နွေရာသီအခြေခံနှင့် အဆင့်မြင့်အားကစားသင်တန်းဆင်း

ပြည် မတ် ၃၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် နွေရာသီအခြေခံနှင့် အဆင့်မြင့်အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အားကစားကွင်း၌ကျင်းပရာ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး အဆိုပါသင်တန်းကို မတ် ၁၅ ရက်က စတင်ဖွင့်လှစ်ခဲ့ကာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော် ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရန်ကုန်-မန္တလေးအမြန်လမ်း အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေး ပြင်ဆင်နေမှုများ ကွင်းဆင်းကြည့်ရှု

**ပဲခူး မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်း အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေး ပြင်ဆင်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က နေပြည်တော်ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်းရွက်၊ သောက်ရေသန့်နှင့် အသင့်စား စားသောက်ဖွယ်ရာများ ထပ်မံပို့ဆောင်နေသည့် မော်တော်ယာဉ်ကြီးများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး စားသောက်ဖွယ်ရာများ အမြန်ဆုံးရောက်ရှိရေးနှင့် အန္တရာယ်ကင်းစွာ မောင်းနှင်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်-မန္တလေးအမြန်လမ်းတစ်လျှောက် ကွန်ကရစ်လမ်း ကွဲအက်ခြင်း၊ လမ်းသားမြင့်တက်ခြင်း၊ လမ်းဘေးမြေသား ပြိုကျခြင်း၊ တံတားချဉ်းကပ်လမ်း နိမ့်ကျမှုများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လမ်းဦးစီးဌာနများမှ ပြင်ဆင်နေမှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ သက်ဆိုင်ရာ လမ်း/တံတား တာဝန်ခံများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။



ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ချဉ်းကပ်လမ်းများ ပြေပြစ်ကောင်းမွန်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ပျက်စီးမှုများကို အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေး ဝန်ချီစက်များ အမြန်ရောက်ရှိစေရေး ဆောင်ရွက်ရန်၊ လမ်းအန္တရာယ်သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရန်၊ လိုအပ်သည့် လမ်းပြင်ဆင်ခြင်းစက်ကိရိယာများ သုံးစွဲသွားရန်၊ လုပ်ငန်းခွင်သုံးပစ္စည်း အမြန်ဆုံးရောက်ရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာ၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၂၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၂၀၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Ipsum မော်တော်ယာဉ်တစ်စီးနှင့် Canter Truck မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၅၄၆၃၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် မတ် ၃၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်အတွင်း၌ တရားမဝင် သစ်မာ ၀ ဒသမ ၁၃၂ တန်၊ အခြားသစ် ၁ ဒသမ ၉၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၄၆၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zonda Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၅၇၇၄၆၆)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ် ၂၉ ရက်နှင့် ၃၀ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၃၀၉၄၆၆) ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၃၁**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်အချိန်တွင် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။



အဆိုပါ ငလျင်ဒဏ်သင့်ဒေသအသီးသီး၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်တို့က အောင်မြေသာစံမြို့နယ်ရှိမြန်မာ့စီးပွားရေးဘဏ်(၁/၂)သို့သွားရောက်၍ နိုင်ငံ့ဝန်ထမ်းများအား ပင်စင်၊ လစာများ အဆင်ပြေချောမွေ့စွာ ထုတ်ပေးနေမှုများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ အောင်မြေသာစံမြို့နယ်ရှိ နန်းရှေ့အားကစားကွင်းတွင် ပြည်သူများအား အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ရှိမြတ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြို့တော်ဗလီ၊ မြို့မဗလီနှင့် မိုးကျဂျာမေဗလီများသို့ သွားရောက်၍ ပြိုကျပျက်စီးနေသည့် အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား အမြန်ဆုံးရှာဖွေဖော်ထုတ်နိုင်ရေး နိုင်ငံတကာ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအား လည်းကောင်း၊ မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်း၊ မဟာသုန္ဒရာ ရာမကျောင်း၊ ရွှေကျင်တိုက်မကြီး၊ အဝေရာ ရာမကျောင်းတိုက်နှင့် မစိုးရိမ်တိုက်သစ်စသည့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို လည်းကောင်း၊ မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်းသို့ သွားရောက်၍ ရုရှားနိုင်ငံမှ ရောက်ရှိလာသည့် ကယ်ဆယ်ရေးအဖွဲ့များအား သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခြင်းကိုလည်းကောင်း ဆောင်ရွက်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ပေါ်ရှိ မြေငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော ဝေဠုဝန်ရိပ်သာကျောင်းတိုက်နှင့် ကန်သာဇရပ်တို့၌ လူ/ယာဉ်/စက်ယန္တရားကြီးများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရန်ကုန်- မန္တလေးအမြန်လမ်း ၁၆၅ မိုင်ရှိ ဆွာချောင်းတံတားပျက်စီးမှု အခြေအနေများနှင့် တံတားပြန်လည်ပြုပြင်နေမှု အခြေအနေများကို လည်းကောင်း၊ သမိုင်းဝင်လောကမာရဇိန် နန်းတော်ဦးစေတီတော်မြတ်ကြီး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၊ ပုဗ္ဗသီရိမြို့နယ်ရှိ A အိမ်ရာ (၆၃ မှ ၆၈) အထိ၊ A အိမ်ရာ(၂၇ မှ ၃၁ အထိ၊ ပြည်သူ့ဆေးရုံ (ခုတင်-၃၀၀)နှင့် ပုဂံရွေးဟောင်းဘုရားတို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ယာယီဆေးရုံ၊ ရောဝတီတံတား(ရတနာပုံ)၊ ချမ်းအေးသာစံမြို့နယ်ရှိ ပြိုကျပျက်စီးခဲ့သည့်နေရာများ၊ မဟာမြတ်မုနိဘုရားကြီးဝင်းအတွင်းရှိ စောင်းတန်းနှင့်ရင်ပြင်တော်၊ ဂရိတ်ဝေါဟိုတယ်၊ ဦးလှသိန်း ဓမ္မဗိမာန်၊ Sky Villa နေရာ၊ ကျောက်ဆည်မြို့ ကိုယ်ပိုင်မူကြိုကျောင်းနေရာ၊ တံတားဦးမြို့နယ်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့နယ်၊ စစ်ကိုင်းမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရန်ကုန်-မန္တလေးအမြန်လမ်း ၁၆၅ မိုင်ရှိ ဆွာချောင်းတံတားတို့၌လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအလိုက် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် အစားအသောက်များ ချက်ပြုတ်၍ ထမင်း၊ ဟင်းများ လှူဒါန်းခြင်း၊ သောက်ရေသန့်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရ ကူမင်းမြို့မှကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ

**နေပြည်တော် မတ် ၃၁**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာ နိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိကြသည်။

ယနေ့ ညနေပိုင်းတွင် လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံ ကူမင်းမြို့မှ ရှာဖွေကယ်ဆယ်ရေး







အဖွဲ့နှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများသည် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ယနေ့ ရောက်ရှိကြသည့် နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြု ဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုခဲ့ကြပြီး အဆိုပါ ကယ်ဆယ်ရေး အဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့်လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ် (၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်း လှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE** - **MYEBMMMY**
- **Beneficiary Name** - **Natural Disaster Management Fund**
- **Beneficiary A/C No** - **EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများလှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း၊ ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄x၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

















## မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ကရင်ပြည်နယ်) အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ဘားအံ မတ် ၃၁**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ကရင်ပြည်နယ်) ၏ အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ဘားအံမြို့ Hotel Perfect Hpa-an ၌ ကျင်းပရာ ကရင်ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က အသင်းသားများအနေဖြင့် ပြည်သူ့အကျိုး၊ နိုင်ငံတော်၏အကျိုးကို ရှေးရှုလျက် အိမ်ခြံမြေကဏ္ဍရပ်မှ ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးကျော်တင့်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း ကရင်ပြည်နယ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးဇော်ငွေးက အမှာစကားပြောကြားကာ အသင်းဥက္ကဋ္ဌ ဦးသန့်ဇင်က ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း ကရင်ပြည်နယ် အမှုဆောင်ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ (၂၀၂၃-၂၀၂၄) ခုနှစ်နှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားရှင်းလင်းပြီး ကရင်ပြည်နယ်အမှုဆောင်ကော်မတီ၏ နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းကို ဖတ်ကြားကာ ၂၀၂၃-၂၀၂၄ ခုနှစ်အသင်းသားများက အသင်းရန်ပုံငွေထည့်ဝင်ခဲ့ခြင်းအတွက် (ဗဟို) ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ခရိုင်

(ပြန်/ဆက်)

**ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။**

# ငလျင်ဒဏ်သင့်ဒေသများအတွက်လှူဒါန်းရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများတင်ဆောင်လာသည့် အိန္ဒိယရေတပ်မှစစ်ရေယာဉ်နှစ်စင်း ရန်ကုန်မြို့သို့ရောက်ရှိ



**ရန်ကုန် မတ် ၃၁**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းမြေငလျင် လှုပ်ခတ်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးရှိ ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများတင်ဆောင်လာသော အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Satpura(F-48)နှင့် INS Savitri(P-53)တို့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT သို့ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား လွှဲပြောင်းပေးအပ်ခြင်းအခမ်းနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် အိန္ဒိယသံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ရောက်ရှိလာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်များတွင် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများဖြစ်ကြသည့် အသင့်စားခေါက်ဆွဲ၊ အာဟာရပြည့်ဘီစကွတ်၊ ပလတ်စတစ်ပုံး၊ ပလတ်စတစ်ရေခွက်၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ ရွက်ဖျင်တဲ၊ တာပေါ်လင်စ၊ အဝတ်အထည်များ၊ သန့်ရှင်းရေးသုံးပစ္စည်းများနှင့် ဆေးဝါးများစသည်တို့ပါဝင်ပြီး စုစုပေါင်းတန်ချိန် ၄၀ ခန့် ဖြစ်ကြောင်းနှင့် ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ အရာရှိစစ်သည်များ၊ ကျောက်တန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ သနင်္ဘေနှင့် အရန်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုများအား ပြတ်တောက်စေရန်ရည်ရွယ်ချက်ဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများက စလင်းမြို့နယ်ရှိ စစ်ရေးနှင့်မသက်ဆိုင်သော တညောင်ဓာတ်အားခွဲရုံအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်




**နေပြည်တော် မတ် ၃၁**

မတ် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ရပြီး နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားများ အမြန်ဆုံးပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် ငလျင်ဒဏ်ကြောင့် ပြည်သူများ အတိဒုက္ခရောက်နေသဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက အခွင့်ကောင်းယူ၍ အဖျက်အမှောင့် အနှောင့်အယှက်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့ နံနက် ၆ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့၏ အနောက်မြောက်ဘက် မီတာ ၅၅၀၀ ခန့်အကွာရှိ တညောင်ဓာတ်အားခွဲရုံစက်ရုံမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ အမှန်တကယ်တွင် စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများနှင့် ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့်မြို့၊ ရွာများအား လက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိပြီး ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် ပြည်သူများ အတိဒုက္ခရောက်နေချိန်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြမ်းဖက် အနှောင့်အယှက်လုပ်ရပ်များသည် လွန်စွာစက်ဆုပ်ဖွယ်ကောင်းကြောင်းနှင့် အဆိုပါအကြမ်းဖက်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**PDF အမည်ခံ အကြမ်းဖက်သမားများက စလင်းမြို့နယ်ရှိ တညောင်ဓာတ်အားခွဲရုံအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သည့်ဖြစ်စဉ်နေရာပြပုံ။**

# စစ်ကိုင်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးအဖွဲ့များကို ပိတ်ပင်ထားကြောင်း၊ ကယ်ဆယ်ရေးလုပ်မည်ဆိုလျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ခွင့်ပြုချက်တောင်းခံရကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးအဖွဲ့များကို ပိတ်ပင်ထားကြောင်း၊ ကယ်ဆယ်ရေးလုပ်မည်ဆိုလျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ခွင့်ပြုချက်တောင်းခံရကြောင်း မဟုတ်မမှန် သတင်းအတုသတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပရဟိတအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို နေ့/ည မပြတ် အားသွန်ခွန်စိုက်လုပ်ဆောင်လျက်ရှိကြောင်း၊ ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆောင်ရွက်နေမှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်သတင်းများကို လုပ်ကြံရေးသားခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

(၃၁-၃-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၃-၃-၂၀၂၅)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၃၀-၃-၂၀၂၅)ရက်နေ့၊ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၉၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀ )
## ထားဝယ်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၇

| | | |
|---|---|---|
| ၁။ ဒေါ်လွင်လွင်ဦး | နှင့် | ၁။ ဒေါ်အိအိဖြူ |
| ၂။ ဦးသန်းထူး | | ၂။ ဦးအောင်နိုင်စိုး |
| ၃။ ဦးအောင်သန်းဦး | | ၃။ ဦးသန်းမောင် |
| ၄။ ဒေါ်ယဉ်မင်းလှ | | ၄။ ဦးအောင်ရွှေ |
| ၅။ ဒေါ်အေးအေးခိုင် | | ၅။ ဦးမောင်ဆန်း |
| (ကိုယ်တိုင်နှင့်(၁)(၂)(၃)(၄) | | ၆။ ဒေါ်ညိုဝင်း |
| တရားလိုများ၏ အခွင့်ရကိုယ်စားလှယ်) | | ၇။ ဒေါ်ကြည်မာဦး |
| | | ၈။ ဒေါ်သီတာ |
| | | ၉။ ဒေါ်စန္ဒာခိုင် |
| | | ၁၀။ ဦးဇော်နိုင် |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

မြသီတာရပ်ကွက်၊ ကံပေါက်ဒေသ၊ ရေဖြူမြို့နယ်နေ အမှတ်(၂) တရားပြိုင် ဦးအောင်နိုင်စိုး(ယခုနေရပ်လိပ်စာမသိ)၊ အမှတ်(၁၀၀၃)၊ ဘုမ္မော်လမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ အမှတ်(၇)တရားပြိုင် ဒေါ်ကြည်မာဦး (ယခုနေရပ်လိပ်စာမသိ)နှင့် ဗိုလ်ချုပ်လမ်း၊ ကံပေါက်ဒေသ၊ ရေဖြူမြို့နယ်နေ အမှတ်(၉)တရားပြိုင် ဒေါ်စန္ဒာခိုင် (ယခုနေရပ်လိပ်စာမသိ) သူတို့သိစေရမည်။

သင်တို့အပေါ် တရားလို ဒေါ်လွင်လွင်ဦး ပါ၅ဦးက အမွေဝေစုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မေလ ၁၁ရက်(၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ရက်)နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထိပ်ထားလေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ထားဝယ်ခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ညောင်ဖြူစခမ်းရပ်ကွက်နေ ဦးမောင်ဦး၏ သားစိုင်းဇော်ထွေး ၁၃/တကန(နိုင်) ၁၉၂၁၅၅၅၏ နိုင်ငံကူးလက်မှတ်အမှတ်(950600) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၈၀၅၁၉၇၇**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့နေ ဦးခွန်ကျော်ကျော်၏သမီး နန်းအွဉ် ၁၃/တကန(နိုင်) ၂၂၅၁၉၈၏ နိုင်ငံကူးလက်မှတ်အမှတ်(MD–983241)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၈၀၅၁၉၇၇**

## ပတ်စ်ပို့ပျောက်

ရွှေညောင်မြို့၊ အောင်သပြေ၊ စဥ့်ဟယ်(၂)နေ ဦးကျော်ရှိန်၏ သမီး ယွန်းထက်ထက်ဇော် ၁၃/တကန(နိုင်)၂၆၈၃၇၁၏ နိုင်ငံကူးလက်မှတ် အမှတ်(MA–391470) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၈၀၅၁၉၇၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ချောင်းကောက်ကျေးရွာနေ ဦးဝင်းမြင့်အောင် ၈/ရနခ(နိုင်) ၀၂၃၉၉၄၏သား မောင်အောင်မျိုးဦး (ခ)ဖြူဝင်း ၈/မဘန(နိုင်)၂၀၀၁၁၆ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်အောင်မျိုးဦး(ခ)ဖြူဝင်း**

## သစ်တောဦးစီးဌာန၊ ပဲခူးခရိုင်မှ ပုံစံ(၈)ဝင် ကျွန်းတံခါး/ကျွန်းပါကေး/ကျွန်းပရိဘောဂများအား လေလံတင်ရောင်းချမည့် ကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ သစ်တောဦးစီးဌာနမှ ပုံစံ(၈)ဝင် ကျွန်းတံခါး/ကျွန်းပါကေး/ကျွန်းပရိဘောဂ(၉၇၁၁)ချပ်/ချောင်း/ခု (၂၅.၄၆၅၂)တန် တို့ကို အောက်ဖော်ပြပါအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ ဝယ်ယူမည့်ပုဂ္ဂိုလ်သည် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်သစ်တောဦးစီးဌာန တစ်ခုခုမှ တရားဝင် မှတ်ပုံတင်လိုင်စင်ရရှိထားသော အိမ်တွင်းစက်/စက်သေး/စက်ကြီး/အချောထည်စက်/လျှာထိုးစက်/ သစ်အရောင်းဆိုင်/ပရိဘောဂအရောင်းဆိုင်/လုပ်ငန်းရှင်များသည် လေလံလျှောက်လွှာအား(၄–၄–၂၀၂၅)ရက် နောက်ဆုံးထား၍သစ်တောဦးစီးဌာန၊ ပဲခူးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| **ကျင်းပမည့်နေ့ရက်** | – | ၈–၄–၂၀၂၅ရက်(အင်္ဂါနေ့) |
| **ကျင်းပမည့်နေရာ** | – | သစ်တောဦးစီးဌာန၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဥဿာသစ်တောပျိုးဥယျာဉ် |
| **ကျင်းပမည့်အချိန်** | – | နံနက် (၁၀:၀၀)နာရီ |

အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ Website ဖြစ်သော http://forestdepartment.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း –၀၉–၄၀၁၅၂၇၉၄၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ၊ ပဲခူးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ –၂၀)
## မကွေးခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၉

| | | |
|---|---|---|
| ၁။ ဦးတင်လင်း | နှင့် | ဦးသိန်းမြိုင် |
| ၂။ ဒေါ်စိန်စိန်မြင့် | | |
| (တရားလိုများ) | | (တရားပြိုင်) |

မကွေးမြို့၊ အောင်ရတနာအုပ်စု၊ ရန်နိုင်ရပ်ကွက်၊ ၁၇လမ်း၊ အမှတ်(၅၅)နေ ဦးသိန်းမြိုင်(ဘ)ဦးထွန်းကြည်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင် ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ(၂၉)ရက်(၁၃၈၇ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မတ်လ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်စိုး)**
**ခရိုင်တရားသူကြီး**
**မကွေးခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး (၃)၊ တောင်တွင်းကြီးမြို့မှ ၂၀၂၅–၂၀၂၆ခု၊ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) အသုံးစရိတ်ခေါင်းစဉ်အောက် မှ ကျခံဆောင်ရွက်မည့် မုန်းချောင်းရေလှောင်တမံ ပင်မရေပိုလွှဲ အကြီးစားပြုပြင်ခြင်း လုပ်ငန်းအတွက် လိုအပ်သောဘိလပ်မြေ(425)အား (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၃)၊ ငွေစာရင်းဌာနစိတ်တွင် ဖုန်း–၀၆၃–၂၀၅၁၁၄၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင် ပစ္စည်းတန်ဖိုးပေါ်မူတည်၍ သတ်မှတ်နှုန်းဖြင့် လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက် ရေး(၃)၊ တောင်တွင်းကြီးမြို့၊ ငွေစာရင်းဌာနစိတ်တွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါနှင့်ပတ်သက်သော အချက်အလက်များ**

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | – | (၂၅–၃–၂၀၂၅)ရက်မှ (၈–၄–၂၀၂၅)ရက် (ရုံးချိန်အတွင်း) |
| (ခ) **တင်ဒါတင်သွင်းရမည့်ရက်အချိန်** | – | (၈–၄–၂၀၂၅)ရက်(ရုံးချိန်အတွင်း) |
| (ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** | – | (၉–၄–၂၀၂၅)ရက်၊ နံနက်(၁၀:၀၀)နာရီ |
| (ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** | – | လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့ |
| (င) **တင်ဒါဖွင့်မည့်နေရာ** | – | ညွှန်ကြားရေးမှူးရုံး၊တည်ဆောက်ရေး(၃)၊ အစည်းအဝေးခန်းမ၊ မကွေးမြို့ |

၃။ ယခုတင်ဒါတွင် အောင်မြင်သော ဈေးနှုန်းများသည် ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများအားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

၄။ PO Cheque မူရင်းအား (၈–၄–၂၀၂၅)ရက် ညနေ (၄:၃၀)နာရီ နောက်ဆုံးထား၍ တင်ဒါအဆိုပြုလွှာ ရောင်းချခဲ့သည့်နေရာသို့ ပေးပို့ရမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်– ၅၇

| | | |
|---|---|---|
| ဒေါ်နန်းခမ်းဖောင်း | နှင့် | ၁။ ဒေါ်ခိုင်လှဲ့လှဲ့စိုး |
| (၎င်း၏အထွေထွေကိုယ်စားလှယ် စာရသူ ဦးမောင်မောင်လင်း) | | ၂။ ဦးဇင်လင်းမောင် |
| **တရားလို** | | **တရားပြိုင်များ** |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက် (၅)၊ နောင်အင်ဘုန်းကြီးကျောင်းလမ်းနေ ဒေါ်ခိုင်လှဲ့လှဲ့စိုးနှင့် ဦးဇင်လင်းမောင်(အတူနေမောင်နှမ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်နန်းခမ်းဖောင်း(၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးမောင်မောင်လင်း)က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၂၂ရက်(၁၃၈၇ခုနှစ်၊ တန်ခူးလဆုတ် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ပတ်စ်ပို့ပျောက်

ရန်ကုန်မြို့၊ မြို့မ မြောက်ရပ်ကွက်၊ သပြေ (၂)လမ်းနေ ဦးကြည်စိန်၏သမီး ကျွန်မ မခင်ကျော့ရွှေ ၈/ ရနခ(နိုင်)၁၀၈၆၆၂၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ–418805)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၆၁၈၅၀၆၀၂**

## ဦးသိန်းထွန်းနှင့်အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၉–ဃ/မူလပြည်သာယာ)၊ ဦးပိုင်အမှတ်(၁၉၈၊ ၁၉၉)၊ မြေကွက်အမှတ်(၂၀၃၊ ၂၀၂၄)၊ ဧရိယာ(၀.၁၁၇)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးသိန်းထွန်းထံမှ ကျွန်တော် ဦးစိုင်းဆမ်ထွန်းက အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်အရပ်ကတိစာချုပ်တွင် ဝယ်ယူသူအမည်ပေါက် ပြောင်းလဲသည့်အချိန်တွင် သက်ဆိုင်ရာရုံးဌာန၌ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုထားသည်ဖြစ်၍ ၄–၄–၂၀၂၅ ရက်နောက်ဆုံးထား ပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဦးသိန်းထွန်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစိုင်းဆမ်ထွန်း**
**ပြည်သာယာတောင်ရပ်ကွက်၊ မိတ္ထီလာမြို့**
**ဖုန်း–၀၉–၉၇၇၁၈၁၈၉၄**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/55619, Wuyang Honda–125 ယာဉ်လက်ဝယ်ရှိသူ Mani Mandai Co.Ltd က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၆)၊ အိုးလုပ်ပြင်ကွင်း၊ ဦးပိုင် အမှတ်(၁/၂၆၅)၊ မြေဧရိယာ ၀.၈၄ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၆၄/၂၀၁၇–၂၀၁၈အရ မင်းဇာနည်ရေလုပ်ငန်း ကုမ္ပဏီလီမိတက် အမည်ဖြင့်ရရှိခဲ့ပြီး မင်းဇာနည်ရေလုပ်ငန်းကုမ္ပဏီလီမိတက်(ကိုယ်စား)ဦးညိုမင်း၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်ထက်ထက်ဦးဝေထံမှ အရောင်းအဝယ်စာချုပ် အမှတ်(၂၂၅/၂၀၂၂)ဖြင့် ဦးစန်းမောင်၊ ဒေါ်အေးအေးမူတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးစန်းမောင် ၆/ကစန(နိုင်)၀၀၃၄၇၄၊ ဒေါ်အေးအေးမူ ၆/ထဝန(နိုင်)၀၂၅၈၆၂တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ဦးအောင်ကျော်သက်နှင့်အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၉–ဃ/မူလပြည်သာယာ)၊ ဦးပိုင်အမှတ်(၁၉၇)၊ မြေကွက် အမှတ်(၂၀၂)၊ ဧရိယာ(၀.၀၇၈) ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးအောင်ကျော်သက်ထံမှ ကျွန်တော် ဦးစိုင်းဆမ်ထွန်းက အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်အရပ်ကတိစာချုပ်တွင် ဝယ်ယူသူအမည်ပေါက် ပြောင်းလဲသည့်အချိန်တွင် သက်ဆိုင်ရာရုံးဌာန၌ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုထားသည်ဖြစ်၍ ၄–၄–၂၀၂၅ ရက်နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးသိန်းထွန်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစိုင်းဆမ်ထွန်း**
**ပြည်သာယာတောင်ရပ်ကွက်၊ မိတ္ထီလာမြို့**
**ဖုန်း–၀၉–၉၇၇၁၈၁၈၉၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၇/ဆန်တန်း)၊ ဦးပိုင်အမှတ်(၃/၃၉–D)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား အမှုတွဲအမှတ် ၂၀၂/၁၉၉၇ အရ ဦးသောင်းဝင်း အမည်ဖြင့် (၁–၄–၁၉၉၇)ရက်မှ (၃၁–၃–၂၀၂၇)ရက်ထိ နှစ်(၃၀)ချထားပေးပြီး အမှုတွဲအမှတ် ၂၆၇ V ၂၀၁၄–၂၀၁၅အရ ဦးအောင်မြင့်ကျော် အမည်ဖြင့် (၅–၁၁–၂၀၁၄)ရက်မှစ၍ အမည်ပြောင်း ချထားပေးသော မြေကွက်အား ဦးကျော်နိုင်လင်း၊ ဒေါ်ကြူကြူသင်းအမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိ ပေးကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ဃ/၄၆၆၉, Honda Wave–110 R, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ဦး ၆/မအရ(နိုင်)၁၀၉၇၃၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၄၄)၊ ထမွဲနဲကွင်း၊မြေကွက်အမှတ် (၁/၆+၁/၇+၁/၁၃၀+၁/၁၃၁)၊ စုစုပေါင်းမြေ ဧရိယာ ၀.၂၅၂ဧကအား တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၁၇–၁–၁၉၉၈)ရက်စွဲပါ စာအမှတ် ၅၄၀/၅–၄/တယက(တနင်္သာရီ)အရ အဆောက်အအုံအဖြစ် အသုံးပြုရန် ဦးစိုးသိန်း(ခ)ဦးရှမ်းဝင်းအမည်ဖြင့် လ/န(၃၉)အမိန့်ချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအားမြေငှားဂရန်(အသစ်)လျှောက်ထား နိုင်ရေး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း ၆/မအရ(နိုင်)၀၂၇၀၂၃၊ ဦးထင်ကျော်အောင် ၆/မမန(နိုင်)၁၃၁၁၇၂တို့မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ဦးထွန်းဝေနှင့်အများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၉–တ/အောင်ဇေယျာ)၊ ဦးပိုင်အမှတ်(၆)၊ မြေကွက်အမှတ်(၇)၊ ဧရိယာ(၀ဒသမ၀၅၆)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးထွန်းဝေထံမှ ကျွန်မ ဒေါ်စန်းငွေးက အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ အရောင်းအဝယ်အရပ်ကတိစာချုပ်တွင် ဝယ်ယူသူ အမည်ပေါက် ပြောင်းလဲသည့်အချိန်တွင် သက်ဆိုင်ရာ ရုံးဌာန၌ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုထားသည်ဖြစ်၍ (၄–၄–၂၀၂၅)ရက် နောက် ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးထွန်းဝေနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းငွေး**
**ရန်ကုန်–မန္တလေးလမ်းမကြီးဘေး**
**အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့**
**ဖုန်း–၀၉–၆၆၄၉၁၄၄၉၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၇/ဆန်တန်း)၊ ဦးပိုင်အမှတ်(၃/၄၀–D)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား အမှုတွဲအမှတ် ၂၀၃/၁၉၉၇ အရ ဦးသောင်းဝင်းအမည်ဖြင့် (၁–၄–၁၉၉၇)ရက်မှ (၃၁–၃–၂၀၂၇)ရက်ထိ နှစ်(၃၀) ချထားပေးပြီး အမှုတွဲအမှတ် ၂၃၈ V ၂၀၁၂–၂၀၁၃အရ ဦးအောင်မြင့်ကျော်အမည်ဖြင့် (၁၀–၁–၂၀၁၃)ရက်မှစ၍ အမည်ပြောင်းချထားပေးသော မြေကွက်အားဦးကျော်နိုင်လင်း၊ ဒေါ်ကြူကြူသင်းအမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## စာအုပ် စာပေ လှူမိတ်ဆွေ

## အစုရှယ်ယာလျှော့ချခြင်း

ကျွန်တော်တို့ EV Cargo Global Forwarding Limited ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ အစုရှယ်ယာ အရေအတွက် (၁၀၀) စု တန်ဖိုးငွေ အမေရိကန်ဒေါ်လာ (၂၀၀၀၀၀)တိတိမှ အစုရှယ်ယာ အရေအတွက် (၅၀)စု တန်ဖိုးငွေ အမေရိကန်ဒေါ်လာ (၁၀၀၀၀၀) တိတိသို့ လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**Ev Cargo Global Forwarding Limited**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရပ်ကွက်၊ ပျဉ်းမပင်(၃)လမ်း၊ မြေအမှတ်(၅၈)ဟု ခေါ်တွင်သောမြေအကျယ် (၂၂ ပေ ၄ လက်မx၄၉ ပေ ၉ လက်မ) ရှိ ခြံမြေနှင့် ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အား ဦးသိန်းထွန်း ၁၀/မဒန(နိုင်)၀၀၆၃၉၁၊ ဒေါ်သန်းသန်းထွေး ၁၀/မဒန(နိုင်)၀၀၆၂၁၂နှင့် ဒေါ်ချိုချိုပြုံး ၁၀/မဒန(နိုင်)၀၃၀၉၄၇ တို့မှသာ ပိုင်ဆိုင်ကြသူများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင့်ဝါထွန်း (LL.B)၊ အထက်တန်းရှေ့နေ (စဉ် - ၅၆၅၅၈)**

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၉-၂၅၂၀၈၉၄၄၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၁၀၂၃/ခ၊ မြေကွက်တည်နေရာအမှတ်(၁၀၂၃/ခ)၊ သုမင်္ဂလာ လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ဝင်းဝင်းကြည် ၁၂/ဥပဟန(နိုင်)၀၄၁၈၉၀ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်ဝင်းဝင်းကြည်(မိခင်)နှင့် ဦးတင်ချို(ဖခင်) တို့ကွယ်လွန်သဖြင့် ဒေါ်အေးနန္ဒာချို ၁၂/ဥပဟန(နိုင်)၀၇၆၃၂၄၊ ဒေါ်ဖြိုးဥမ္မာချို ၁၂/ဥပဟန(နိုင်)၀၈၇၅၂၅၊ ဦးဝဏ္ဏဟိန်း ၁၂/ဥပဟန(နိုင်)၀၈၇၅၂၆ တို့မှသား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ ၈/၁၉၂၉/၂၀၂၄(၂၈-၈-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်/နိုင်/ကတ်များ/သေစာရင်းများ/အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**

**ဒုတိယညွှန်ကြားရေးမှူးချုပ်**

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၁၇၀/ခ၊ ဧရိယာ ပေ(၂၀x၆၀)၊ မြေကွက်တည်နေရာအမှတ် (၁၁၇၀/ခ)၊ မာန်ပြေ(၁၉) လမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ငွေတင် (CF-၀၅၇၈၅၉) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဦးနေမျိုး၊ ဦးကိုကိုနိုင်တို့မှ တရားလိုပြုလုပ်၍ အမည်ပေါက် ဒေါ်ငွေတင်အပါအဝင် ဒေါ်မေမျိုးဇံအောင် ပါ(၇)ဦးအား တရားပြိုင်ထားကာ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၉/၂၀၂၃ ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့မှုအပေါ် အနိုင်ဒီကရီချမှတ်သည့် ၂၁-၄-၂၀၂၃ ရက်စွဲပါစီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ် ၄၃/၂၀၂၃ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၃၀-၆-၂၀၂၃ ရက်စွဲပါ တရားရုံးနေ့စဉ် မှတ်တမ်းတာဝန်ခံ မိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ ဗိုလ်တထောင်ခရိုင်တရားရုံး၏ ၁၄-၇-၂၀၂၃ ရက်စွဲပါ စာအမှတ် ၈၆၆/၅-၂-၂၀၂၃ရက်ဖြင့် တရားရုံးကိုယ်စားမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ဒေါ်ဖူးပွင့်ဇင်အား တရားရုံးအရာရှိအဖြစ် ၃၀-၆-၂၀၂၃ရက်စွဲပါ အမိန့်ဖြင့် မြေပုံ၊ မြေရာဇဝင်ကူးယူခြင်း၊ မှတ်ပုံတင်စာချုပ်ချုပ် ဆိုခြင်းများ ဆောင်ရွက်နိုင်ရန် ခန့်အပ်ပြီးကြောင်းဌာနသို့ အကြောင်းကြား သည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဘီလစ်ဒေါ်ဖူးပွင့်ဇင် ၁၂/ဥကတ(နိုင်)၁၉၆၃၀၁ မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5N/2889 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် DD/3402 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အမြန်ဆက်သွယ်ရန်ကြေငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၅၃)၊ ပုဂံလမ်း၊ မြေကွက်အမှတ်-(၅၃-ခ)၊ ဒေါ်သီဂီကျော်အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်ကိစ္စဆောင်ရွက်ရန်နှင့် ဂရန်ထုတ်ယူခြင်းကိစ္စ ဆောင်ရွက်ရန်အတွက် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်သီဂီကျော် (၁၂/စခန(နိုင်) ၀၂၅၂၃၀)မှ ဆောင်ရွက်ပေးရန် လိုအပ်ပါသဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက် ဆက်သွယ်ပေးပါရန် အသိပေး ကြေငြာအပ်ပါသည်။ အကယ်၍ လူကြီးမင်းမှ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက အမည်ပြောင်းရန်အတွက် ဥပဒေကြောင်းအရ လိုအပ်သည်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အသိပေး ကြေငြာအပ်ပါသည်။

**ရုံး/အိမ်(နံနက်-၉နာရီမှညနေ၅နာရီ)** **အမှတ်(၁၁၃၇)၊ အမျိုးသားလမ်း၊ (၄)ရပ်ကွက်၊** **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။** **ဖုန်း- (၀၉)- ၇၈- ၀၆၇- ၃၀၆၇**

**လွှဲအပ်ညွှန်ကြားချက်အရ** **ဦးတင်ထူးလှိုင်** **အထက်တန်းရှေ့နေ** **စဉ်- ၂၄၂၉၂**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အိမ်အမှတ်-၃/၃၁၆၇၁၊ စန္ဒာလမ်းနေ၊ ဦးစောထဲဒီ-ဒေါ်နော်အမ်းထူးတို့၏ တတိယမြောက်သား မောင်ခင်မောင်လင်းသည် မိဘများနှင့် ညီအစ်ကိုမောင်နှမများ၏ သဘောတူညီမှုမရှိဘဲ ၁၉-၃-၂၀၂၅ရက်မှစ၍ နေအိမ်မှ ၎င်း၏ဆန္ဒအလျောက် ဆင်းသွားခဲ့ပြီး ယနေ့အချိန်ထိ အဆက်အသွယ်ပြုလုပ်ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ မောင်ခင်မောင်လင်းသည် ၎င်း၏ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားသည့်အတွက် ၎င်းနှင့် ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်းကိစ္စများ၊ လူမှုရေးကိစ္စများ ပေါ်ပေါက်လာပါက မိဘ၊ ညီအစ်ကိုမောင်နှမများနှင့် မသက်ဆိုင်ကြောင်းနှင့်တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစောထဲဒီ** | **ဒေါ်နွေဦးခိုင် (LL.B)** |
| **၁၄/မမန(နိုင်)၁၇၀၃၃၀** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်နော်အမ်းထူး** | **စဉ်-(၁၂၃၃၈)** |
| **၁၄/မမန(နိုင်)၁၇၀၃၃၁** | **သစ္စာလမ်းနှင့်ရွှေလီ(၅)လမ်းထောင့်** |
| | **မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊** |
| | **နေပြည်တော်။** |
| | **ဖုန်း-၀၉-၂၅၆၃၈၀၈၅၇** |

## (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 68W/60406 Honda Wave 100 M/C အား စစ်တွေမြို့၊ ညေဝတီရပ်ကွက်နေ ဦးသန်းဌေး ၁၁/စတန(နိုင်) ၀၆၈၂၆၃က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/35648 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းနိုင် ၇/လပတ(နိုင်)၁၅၇၂၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/8662Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းအောင် ၁၄/အဂပ(နိုင်) ၂၂၄၅၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 66W/81253 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်အေး ၁၄/ဟသတ(နိုင်)၀၄၅၅၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကမ-၃ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 19U/8215 BAJAJ 200, T/W အား စစ်တွေမြို့ လမ်းမတော်တောင်ရပ်ကွက်နေ မောင်သိန်းရွှေ ၁၁/စတန(နိုင်) ၀၃၄၅၅၅ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/6376 Shwe Myanmar L/T (1) Ton, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရည်မွန်ထက် ၁၂/ဗဟန(နိုင်) ၁၀၀၅၇၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ရတနာသီရိလမ်း၊ အမှတ် (၂၇၀)၊ (4-A)၊ အကျယ်အဝန်း (၁၂ ပေခွဲ x၅၀ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ညွန့်ညွန့်ရီ ၁၂/တမန(နိုင်)၁၁၁၂၈၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သွယ်သွယ်စိုး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၅၉)**

**အမှတ် (၄၄)၊ ပ-ထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၄၄၈၀၅၂၇၇၊ ၀၉-၇၉၅၉၈၈၂၈၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဆင်ဖုံကျေးရွာနေ မဆုပိုပိုအောင် ၁၂/လကန(နိုင်)၂၈၆၆၅၅ ၏ တက္ကသိုလ်ဝင်အောင်လက်မှတ်၌ ပါဝင်သော မိခင် ဒေါ်ခင်မိုးဆွေနှင့် ဒေါ်ခင်မျိုးဆွေ ၁၄/မအန(နိုင်)၁၄၂၁၁၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 21U/3297 TVS King 200 T/W အား စစ်တွေမြို့၊ ညေဝတီရပ်ကွက်နေ မောင်ဝင်းတင် ၁၁/စတန(နိုင်)၀၇၄၂၁၅က (ကမ-၃) ပျောက်ဆုံး ကြောင်း လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် သတင်းစာ ကြော်ငြာသည့် ရက်မှစ၍ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညနပြည်နယ်ရုံး(စစ်တွေ)**

## (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 76W/94055 Honda Dream 125 M/C အားစစ်တွေမြို့၊ မင်းဂံရပ်ကွက်နေ ဦးထွန်းထွန်းဝင်း ၁၁/စတန(နိုင်) ၁၄၅၉၇၇ က (ကမ-၃)ပျောက်ဆုံး ကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညနပြည်နယ်ရုံး(စစ်တွေ)**

## (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 20U/2484 BAJAJ MAXIMA -Z T/Wအား စစ်တွေမြို့၊ မကျည်းမြိုင် ရပ်ကွက်နေ မောင်အောင်စိုး ၁၁/စတန(နိုင်) ၁၄၀၉၃၁က (ကမ-၃)ပျောက်ဆုံး ကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် သတင်း စာကြော်ငြာသည့် ရက်မှစ၍ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညနပြည်နယ်ရုံး(စစ်တွေ)**

## (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 83W/5073 Honda Wave 110 M/C အားစစ်တွေမြို့၊ မင်းဂံရပ်ကွက်နေ ဦးထွန်းထွန်းဝင်း ၁၁/စတန(နိုင်) ၁၄၅၉၇၇က(ကမ-၃) ပျောက်ဆုံး ကြောင်း လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် သတင်းစာကြော်ငြာသည့် ရက်မှစ၍ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညနပြည်နယ်ရုံး(စစ်တွေ)**

## မွေးသက္ကရာဇ်အမှန်

ဦးစောဝင်း၏သမီး ကျုံပျော်မြို့၊ တေဇရပ်ကွက်၊ ပိတောက်ရွှေဝါလမ်းနေ ဒေါ်ကြူကြူသင်း ၁၄/ဇလန(နိုင်)၀၆၉၂၁၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃၁-၁-၁၉၆၈ ဖြစ်ပါကြောင်း။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ နဝင်းရပ်ကွက်၊ အကွက်အမှတ်-၄၊ အကွက်အမည်-နဝင်းအကွက်၊ ဦးပိုင်အမှတ်-၈၁၆ᵃ၊ ဧရိယာ ၀ ဒသမ ၀၀၈ဧကရှိ မြေယာကွက်မှာ ဦးမြင့်အေးနှင့် ဒေါ်တင်အေးတို့ နှစ်ဦးအမည်ထွက်ရှိသော ဘိုးဘပိုင်မြေကွက်ဖြစ်ပြီး ဦးအောင်လွင်နှင့် ဒေါ်အိအိထွေးတို့မှာ အဆိုပါမြေယာကွက်ကို အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်-၀၁၃/၂၀၂၅ ဖြင့် ဝယ်ယူလက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ၎င်းဘိုးဘပိုင်မြေကွက်အား အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဘိုးဘပိုင်မြေအား အမည်ပြောင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်လွင်-ဒေါ်အိအိထွေး**

**ရွှေတချောင်းလမ်း၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

(၁)ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ရပ်ကွက်အမှတ်-(၉)၊ ကွင်းအမှတ်-(၁၁၇၆-က/ရေကျော်ကွင်း)၊ ဦးပိုင်အမှတ်-၁၆၃၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးထွန်းအေးအမည်ပေါက်နှစ်(၃၀) မြေငှားဂရန်မြေအမျိုးအစား မြေကွက်လွတ်နှင့်၊ လျှပ်စစ်မီတာ(၁)လုံးမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။ (၂) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ရပ်ကွက်အမှတ်-(၉)၊ ကွင်းအမှတ်(၁၁၇၆-က/ရေကျော်ကွင်း)၊ ဦးပိုင်အမှတ်(၁၆၄)၊ ဧရိယာ ၀ ဒသမ ၀၈၀ဧကရှိ ဗိုလ်မှူးကြီးကံညွန့်အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့်(၃)ထပ်တိုက်(၁)လုံးနှင့် (၁)ထပ်တိုက် (၁)လုံး၊ လျှပ်စစ်မီတာ(၁) လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်။ အမှတ်-(၁၁၅/က)နှင့်(၁၅၆) ဗိုလ်ချုပ်လမ်းနှင့် မေတ္တာလမ်းထောင့်၊ (၉)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်ဟုခေါ်တွင်သော မြေကွက်(၂)ကွက်နှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား ဘားအံမြို့နယ် မြေစာရင်းရုံး မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်-၉/၂၀၂၅ နှင့် ၁၀/၂၀၂၅ စာချုပ် များဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားကာရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ (၁) ဦးနေလင်းအောင် ၇/ပခန(နိုင်)၂၆၂၇၇၇ နှင့် (၂) ဒေါ်အိမွန်ကို ၃/ဘအန(နိုင်)၂၃၂၆၅တို့ထံမှကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူ ရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးတင်ဝင်းအောင်နှင့် ဦးအောင်ကျော်သွင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှိုင်ဘွား(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၃၀/၂၀၁၂)**

**အမှတ်-(၄၇၅)၊ ပထမထပ်၊ သုမနလမ်း၊ ၁၆/၂ရပ်ကွက်၊**

**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၈၉၂၇၅၅၀၁၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာလမ်း(သံသုမာလမ်း)နှင့် သုဇာတာ(၂)လမ်းထောင့်၊ တိုက်အမှတ်-၉၀၁၊ ၇B ဆဋ္ဌမထပ်ဟု ခေါ်တွင်သော တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဦးပြည်သူအေး ၁၃/လရန(နိုင်)၀၉၂၈၈၅ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးအောင်မျိုးသန့် ၁၂/ဥကမ(နိုင်)၁၉၀၅၈၆၊ ဒေါ်ဖြိုးဖြိုးအောင် ၁၂/ဥကမ(နိုင်)၂၀၀၀၉၆ တို့က အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၉၅၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၇/၃၊ ခေမာသီရိ)၊ ဦးပိုင်အမှတ်(၁၉/က)၊ မြေဧရိယာ ၀ ဒသမ ၄၃၁ဧကရှိမြေကွက်သည် မူလက ဦးကာလူမန်းအမည်ဖြင့် ၅-၁၁-၂၀၁၂ရက်အထိ မြေငှားဂရန် သက်တမ်းရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူဦးကာလူမန်းမှာ ၈-၅-၁၉၉၅ရက်တွင်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူဒေါ်လက်ချီမီမာယာမှာ ၁၇-၁၂-၂၀၂၃ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီး ၎င်းတို့တွင် ဒေါ်ကျန်ဒရားမာရာနှင့် ဦးရှုပေ(စ်)ကူးမားတို့သား/သမီး(၂)ဦး တည်းသာထွန်းကားခဲ့ပြီး ၎င်းတို့(၂)ဦးမှာ ၃-၁၀-၂၀၂၄ရက်စွဲပါ စာချုပ် မှတ်ပုံတင်အမှတ်(၄၃၇/၂၀၂၄)အရအမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီးဖြစ်သဖြင့် ဒေါ်ကျန်ဒရားမာရာ၊ ဦးရှုပေ(စ်)ကူးမားတို့ထံမှ ဦးပိုင်(၁၉/ဃ)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧကအပိုင်းကို ဒေါ်လန့်ရင်က ၈-၁-၂၀၂၅ ရက်စွဲပါစာချုပ် မှတ်ပုံတင်အမှတ်(၀၁၁/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဒေါ်လန့်ရင် ၁/ဝမန(နိုင်)၀၄၂၀၉၄အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေး အတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာ ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မြစ်ကြီးနားမြို့**

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၂၅-၂၀၂၆ ခုဘဏ္ဍာရေးနှစ်၊ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျပ်သန်း(၂၀၀)အထက်လုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းတွဲ (၇)ခုကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များသည် တင်ဒါလျှောက်လွှာပုံစံများကို (၀၁-၀၄-၂၀၂၅)ရက်မှ (၂၄-၀၄-၂၀၂၅)ရက်အထိ အောက်ဖော်ပြပါရုံး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး(၂၅-၀၄-၂၀၂၅)ရက် နံနက် (၉:၃၀)နာရီတွင် ပြန်လည်တင်သွင်းစေ၍ ဖွင့်ဖောက် စစ်ဆေးမည်ဖြစ်ပါသည်။ တင်ဒါရှင်းလင်းပွဲအား(၂၃-၀၄-၂၀၂၅)ရက်၊ နံနက် (၁၀:၀၀)နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (သီးခြားဖိတ်စာမပို့ပါ)။ အသေးစိတ်သိရှိလိုပါက ပုသိမ်မြို့၊ မြတ်တိုမဟာစေတီလမ်းရှိ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ဖုန်း-၀၉-၇၆၃၃၆၄၄၆၄၊ ၀၉-၆၇၅၂၀၁၁၃၃၊ ၀၉-၄၂၄၅၈၃၄၁၄ တို့သို့ ရုံးချိန်အတွင်းနှင့် ayy.drd@drdmyanmar.net သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

